www.dhammaransi.com

မုံရွာမြို့
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
စီရင်ရေးသားအပ်သော
သူငယ်ကောင်းဖြစ်ရေးလမ်းညွှန်
ခေါ်

# သုကုမာရမဂ္ဂဒီပနီ

နှင့်

# လယ်တီမင်္ဂလသုတ္တနီ

၂-ကျမ်းတွဲ

၄. ၃၆၄
ဘုဏ

သီရိရတနာ

www.dhammaransi.com

၁၇၂၄၈

မုံရွာမြို့
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
စီရင်ရေးသားအပ်သော
သူငယ်ကောင်းဖြစ်ရေးလမ်းညွှန်
ခေါ်

# သုကုမာရဝဂ္ဂဒီပနီ

နှင့်

# လယ်တီမင်္ဂလသုတ္တနိ

၂-ကျမ်းတွဲ

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ခရစ် ၁၉၈၃

www.dhammaransi.com

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၈၆၂]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၁၈၈]

**သိရိရတနာစာပေတိုက်**

၁၆၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။

၁၉၈၃-ခု၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၃၀၀၀ ကို၊ ဦးကျော်ညွန့်၊ [၀၁၂၁]၊ ကျော်ညွန့်နှင့်အပေါင်းအသင်း၊ အမှတ် ၉၂+၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍၊ ဒေါ်တီ [၀၁၂၆၁]၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။ မျက်နှာဖုံး—မျိုးညွန့်။ တန်ဖိုး ၆ ကျပ်။

www.dhammaransi.com

# နိဒါန်း

ပရိယတ္တိဝိသာရဒ, ပိဋကတ္တယပါရဂူ, အနေကဂန္ထကာရက ဖြစ်တော်မူသော ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် ဤ "သူငယ်ကောင်းဖြစ်ရေးလမ်းညွှန်" ခေါ် "သုကုမာရမဂ္ဂဒီပနီ" ကျမ်းကို "အခြေပြုဗုဒ္ဓဘာသာသင်ခန်းစာ" အဖြစ်ဖြင့် ရေးသားစီရင်တော်မူခဲ့ပေသည်။ ဤကျမ်းတွင် ဒီဃနိကာယ်, သိင်္ဂါလောဝါဒသုတ်လာ သိင်္ဂါလအမည်ရှိသော သူကြွယ်သားကို မြတ်စွာဘုရားသခင် ဟောကြားဆုံးမတော်မူအပ်သော ဂိဟိဝိနယတရားကို လူငယ်များ မှတ်သားရလွယ်ကူစေရန် သံပေါက်လင်္ကာများ ထည့်သွင်း၍ ရေးသား စီရင်တော်မူခဲ့ပေသည်။

**ကျမ်းပြုအကျော် လယ်တီဆရာတော်**

ကျမ်းပြုအကျော် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သည်ကား ဒီပဲရင်းမြို့နယ်၊ စိုင်ပြင်ရွာသား ဇာတိ ဖြစ်၍၊ အဘဦးထွန်းသာ၊ အမိ–ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈ ခု–နှစ်၊ နတ်တော်လဆန်း ၁၃–ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

**နိမိတ်ဖော်ဆောင် မောင်တက်ခေါင်**

ဖွားမြင်တော်မူပြီး စ မကြာမီ နေအိမ်အနီးရှိ မန်ကျည်းပင်၌ ထောင်၍ထားသော ဝါးလုံးမှ သက်တံပေါက်လာပြီးလျှင်၊ ယင်းသက်တံသည် နေအိမ်ကို လက်ယာရစ် လှည့်ပတ်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ တက်သွားသည်ကို လူအများ တွေ့မြင်ကြရသည်ဖြစ်ရာ၊ ယင်းအံ့ဖွယ်သရဲ ထူးကဲသောမင်္ဂလာနိမိတ်ကိုအစွဲပြု၍ လယ်တီဆရာတော်လောင်းလျာ သူငယ်အား "မောင်တက်ခေါင်" ဟု မှည့်ခေါ်ကြသည်။

**ထူးချွန်ထက်လှ ရှင်ဉာဏ**

မောင်တက်ခေါင် ၁၀–နှစ်သား အရွယ်တွင် ရွာဦးကျောင်းဆရာတော် ဦးဓမ္မမဟာထေရ်ကြီး ထံတွင် အခြေခံဗုဒ္ဓကျမ်းစာများကို သင်ကြား တတ်မြောက်ခဲ့ကာ၊ သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ်ဆက်ရောက်သည့်အခါ ထူးချွန်ထက်မြက်လှသော ဉာဏ်ရှိမှုကို အကြောင်းပြု၍ "ရှင်ဉာဏဓဇ" ဟု ဘွဲ့မည်မှည့်ခေါ်ကြပြန်သည်။

**ပထမစာချ ဓမ္မာစရိယ**

ရှင်ဉာဏဓဇသည် သက်တော် ၂၀-တွင် ရဟန်းဘောင်သို့တက်ရောက်ပြီးလျှင် မန္တလေးမြို့သို့ကြွရောက်၍ စံကျောင်းဆရာတော်ဘုရားကြီးထံခိုလှုံကာ စာပေကျမ်းဂန်တို့ကို ကြိုးစားအားထုတ် သင်အံခဲ့သည်။ ယင်းသို့ ကြိုးစားအားထုတ်

www.dhammaransi.com

## – နိဒါန်း –

သင်အံခဲ့သဖြင့် ပိဋကတ်ကျမ်းစာ,ပေစာတို့ကို အခြေခိုင်ခိုင် ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်တော်မူနဲ့ပြီးသည့်နောက် ပထမ စာချဆရာတော် [ဆန်ထောက်တော်ရ]အဖြစ်ဖြင့် တပည့်ရဟန်းငယ်များအား စာပေကျမ်းဂန်များကို ပြန်လည်၍ သင်ကြားပို့ချ ပေးတော်မူခဲ့သည်။

**လယ်တီဆရာတော် ဟိုးဟိုးကျော်**

သက္ကရာဇ် ၁၂၄၈–ခုနှစ်တွင် မန္တလေးမြို့မှမုံရွာမြို့သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူကာ "လယ်တီကျောင်းတိုက်ကြီး" ကို စတင်တည်ထောင်တော်မူခဲ့သဖြင့် "လယ်တီဆရာတော်" ဟူ၍ ထင်ရှားကျော်ကြားလာခဲ့သည်။ ယင်း "လယ်တီကျောင်းတိုက်ကြီး" တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်ကြားကြသော တပည့်သံဃာတော်များအား ပါဠိအဋ္ဌကထာဋီကာ အစရှိသော ပရိယတ္တိကျမ်းဂန်စာပေ တို့ကို သင်ကြားပို့ချပေးတော်မူခဲ့သည့်အပြင်၊ ဒကာ, ဒကာမ အပေါင်းတို့အား တရားဒေသနာများ ဟောကြားခြင်း၊ ပါဠိဘာသာ မြန်မာဘာသာတို့ဖြင့် ဒီပနီ,ဝိနိစ္ဆယ,သံခိပ်,ပါဌ်-နိဿယ,ပုစ္ဆာဝိသဇ္ဇနာ,ဝိသောဓနီအစရှိသော ကျမ်းပေါင်း မြောက်မြားစွာတို့ကို ရေးသားပြုစုတော်မူခြင်း၊ မြန်မာပြည် မြို့ရွာအရပ်ရပ်သို့ လှည့်လည်၍ တရားဟောကြားခြင်း၊ မေးလာသမျှသော အမေးပုစ္ဆာတို့ကို ရှင်းလင်းဖြေကြားတော်မူခြင်းတို့ကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းမှာ မြန်မာပြည်၌သာမက အာရှ-ဥရောပတခွင်သို့ပင် ပျံ့နှံ့ကျော်ကြားတော်မူခဲ့သည်။

**အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ဘွဲ့ရ**

သက္ကရာဇ် ၁၂၇၃–ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကြီး" ကို လယ်တီဆရာတော်ဘုရားကြီးအား မြန်မာပြည်၌ အဦးဆုံး ဆက်ကပ်ခဲ့၍၊ ၁၂၈၃-ခုနှစ်တွင် "ဒီလစ် [ကျမ်းတတ်ပါရဂူ]ဘွဲ့တံဆိပ်တော်ကြီး" ကို ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ကြီးက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် သက်တော် ၇၇ နှစ်အရောက်၊ ၁၂၈၅-ခုနှစ်၊ ပထမဝါဆို လပြည့်၊ ဗုဒ္ဓဟူးနေ့ တွင် ပျဉ်းမနားမြို့၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့ပေသည်။

www.dhammaransi.com

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## သုကုမာရမဂ္ဂဒီပနီ


| | | | |
|---|---|---|---|
| ၁။ | သိင်္ဂါလောဝါဒသုတ်နိဒါန်း | .... | ၁ |
| ၂။ | ဥဒ္ဒေသသံပေါက်-၁၁ | .... | ၃ |
| ၃။ | နိဒ္ဒေသသံပေါက်-၂၈ | .... | ၄ |
| ၄။ | ကမ္မကိလေသတရား ၄-ပါး | .... | ၆ |
| ၅။ | အဂတိတရား ၄-ပါး | .... | ၇ |
| ၆။ | ပျက်စီးကြောင်းတရား ၆-ပါး | .... | ၈ |
| ၇။ | ယစ်မျိုးသောက်စားမှု အပြစ် ၆-ပါး | .... | ၉ |
| ၈။ | ညအခါလမ်းလျှောက်မှုအပြစ် ၆-ပါး | .... | ၁၀ |
| ၉။ | ပွဲလမ်းသဘင်ကြူးမှု အပြစ် ၆-ပါး | .... | ၁၁ |
| ၁၀။ | လောင်းကစားကြူးမှု အပြစ် ၆-ပါး | .... | ၁၂ |
| ၁၁။ | ပျင်းရိခြင်း အပြစ် ၆-ပါး | .... | ၁၃ |
| ၁၂။ | မိတ်မကောင်းနှင့်ပေါင်းဖော်ခြင်း ၆-ပါး | .... | ၁၃ |
| ၁၃။ | မိတ်ဆိုး—မိတ်တု ၄-ယောက် | .... | ၁၄ |
| ၁၄။ | မိတ်ကောင်း—မိတ်စစ် ၄-ယောက် | .... | ၁၈ |
| ၁၅။ | အရပ်ဒိသာ ၆-မျက်နှာ | .... | ၂၀ |
| ၁၆။ | အရပ်ဒိသာ ၆-မျက်နှာကို ရှိသေစွာရှိခိုးမှု | .... | ၂၁ |
| | (က) သားသမီးတို့က ပြုရသောဝတ် ၅-ပါး | .... | ၂၁ |
| | (ခ) မိဘတို့က ပြုရသော ဝတ်၅-ပါး | .... | ၂၂ |
| | (ဂ) တပည့်တို့က ပြုရသော ဝတ် ၅-ပါး | .... | ၂၂ |
| | (ဃ) ဆရာသမားတို့က ပြုရသော ဝတ် ၅-ပါး | .... | ၂၃ |
| | (င) လင်ယောကျ်ားတို့က ပြုရသော ဝတ် ၅ ပါး | | ၂၄ |
| | (စ) အိမ်သူမယားတို့က ပြုရသော ဝတ်၅-ပါး | | ၂၄ |
| | (ဆ) အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရသော ဝတ် ၅-ပါး | .... | ၂၅ |
| | (ဇ) အဆွေခင်ပွန်းတို့က ပြုရသော ဝတ် ၅-ပါး | | ၂၅ |
| | (ဈ) အရှင်ဖြစ်သူက ပြုရသော ဝတ် ၅-ပါး | .... | ၂၆ |

www.dhammaransi.com




(ည) ကျွန်အမှုလုပ်တို့က ပြုရသော ဝတ် ၅-ပါး ၂၇
(ဋ) ဒါယကာတို့က ပြုရသော ဝတ် ၅-ပါး .... ၂၇
(ဌ) ရသေ့ရဟန်းတို့က ပြုရသော ဝတ် ၅ပါး.... ၂၈
၁၇။ ဒုစရိုက် ၁၀-ပါး—သုစရိုက် ၁၀-ပါး .... ၃၀
၁၈။ သြကာသဆိုပုံ .... ၃၄
၁၉။ နမော တဿ ပါဠ်၊ အနက် .... ၃၅
၂၀။ သရဏဂုံ ပါဠ်၊ အနက် .... ၃၅
၂၁။ ၅-ပါးသီလ ပါဠ်၊ အနက် .... ၃၆
၂၂။ ၈-ပါးသီလ ပါဠ်၊ အနက် .... ၃၇
၂၃။ သုစရိုက် ၁၀-ပါး ပြဆိုပုံ .... ၃၈
၂၄။ ပုညကြိယာဝတ္ထု ၁၀-ပါး .... ၃၈
၂၅။ ပါရမီ ၁၀-ပါး .... ၃၉
၂၆။ ဗြဟ္မဝိဟာရတရား ၄-ပါး,ဗောဓိ ၃-ပါး .... ၄၀
၂၇။ ဘုရားဂုဏ်တော် ၉-ပါး .... ၄၀
၂၈။ တရားဂုဏ်တော် ၆ ပါး .... ၄၂
၂၉။ သံဃာ့ဂုဏ်တော် ၉ ပါး .... ၄၃
၃၀။ ယောကျ်ားကလေးများ ဆုတောင်း .... ၄၆
၃၁။ မိန်းကလေးများ ဆုတောင်း .... ၄၇
၃၂။ သတိပြုရန်အချက်များ .... ၄၉
၃၃။ နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် .... ၅၁
၃၄။ ပရိတ်ရွတ်နည်း .... ၅၂
၃၅။ နိဂုံး .... ၅၂


## လယ်တီမင်္ဂလသုတ္တန်


၃၆။ မင်္ဂလသုတ်နိဒါန်း .... ၅၃
၃၇။ မင်္ဂလသုတ်ဂါထာ .... ၅၃
၃၈။ မင်္ဂလသုတ်နိဒါန်းအနက် .... ၅၄
၃၉။ မင်္ဂလသုတ်ဂါထာအနက် .... ၅၆
၄၀။ နိဂုံး .... ၆၃
၄၁။ ခုနစ်နေ့ဘုရားရှိခိုးနှင့် ဆုတောင်းအမျှဝေ .... ၆၄

www.dhammaransi.com



# [illegible]

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သိင်္ဂါလောဝါဒသုတ်

## နိဒါန်း

လူသုံးပါးတို့၏ ပတ္တမြားမကိုဋ် အမြိုက်ဥသျှောင် မင်းခေါင်မင်းဖျား မင်းတရားကြီးဖြစ်တော်မူသော အစိန္တေယျ သုံးလူ့ထွဋ်ရှိထား သဗ္ဗညု မြတ်စွာဘုရားသည် တချိန်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူသတည်း။

ထိုအခါ သိင်္ဂါလ အမည်ရှိသော သူကြွယ်သားသည် နံနက်စောစော ထလျက် ရာဇဂြိုဟ်မြို့တွင်းမှထွက်၍ စိုစွတ်သော အဝတ်, စိုစွတ်သော ဦးဆံ့မြှောက်ချီသောလက်အုပ်ရှိသည်ဖြစ်၍ အရှေ့အရပ်, တောင်အရပ်, အနောက်အရပ်, မြောက်အရပ်, အောက်အရပ်, အထက်အရပ် တည်းဟူသော အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးလျက်နေလေ၏။

မြတ်စွာဘုရားသည် နံနက်အခါ၌ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်အံ့သောငှာ ဝေဠုဝန်ကျောင်းတော်မှထွက်၍ ရွှေစက်နှစ်လီ ကြွချီတော်မူလတ်သော် အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုး၍နေလေသော သူကြွယ်သားကို မြင်တော်မူလတ်၍ သူကြွယ်သားကို ဤသို့ မိန့်တော်မူ၏။

(၁။ ကျော်ညွန့်နှင့်အပေါင်းအသင်း)

www.dhammaransi.com



**မိန့်တော်မူပုံ** "သိင်္ဂါလ-ဟု နာမထင်ရှား သူကြွယ်သား....သင်သည် စိုစွတ်သောအဝတ်, စိုစွတ်သောဦးဆံ, မြောက်ချီသော လက်အုပ်ရှိသည်ဖြစ်၍ အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးသည်ကား အကြောင်းအသို့နည်း" ဟု မေးတော်မူလေ၏။

ထိုအခါ သိင်္ဂါလ အမည်ရှိသော သူကြွယ်သားက ဤသို့နားတော်လျှောက်၏။

**လျှောက်ထားပုံ** "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သဗ္ဗညု မြတ်စွာဘုရား....အကျွန်ုပ်၏ အဘ ဖြစ်သူသည် ဘဝ တပါး ပြောင်းသွားသော လွန်မည်ရှိရာ အကျွန်ုပ်ကို ခေါ်၍ 'ငါ၏သားကြီး—ချစ်မငြိး....အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာစိတ်စဲ့၍ အမြဲ ရှိခိုးရစ်လော့' ဟု အဆုံးစွန်စကားကို မှာကြား ခဲ့ပါသည်၊ ထိုအကြောင်းကြောင့် အဘ မှာကြားခဲ့သော အဆုံးစွန် စကားကို လေးစားကြည်ညိုပူဇော်လို၍ စိုစွတ်သောအဝတ်,စိုစွတ်သော ဦးဆံ,မြောက်ချီသော လက်အုပ်ရှိသည်ဖြစ်၍ အကျွန်ုပ်သည် အရပ်ဒိသာ ၆-မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးရပါကြောင်းနှင့်" လျှောက်ထား လေ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

**မိန့်တော်မူပုံ** "သိင်္ဂါလ—ဟု နာမထင်ရှား သူကြွယ်သား ...အရပ်ဒိသာ ၆-မျက်နှာကို ရိုသေစွာစိတ်စဲ့၍ အမြဲရှိခိုးရစ်လော့—ဟု အဆုံးစွန်စကား သင့်အဘ မှာကြားသော အရာသည် ရှေ့,နောက်,တောင်,မြောက်,အောက်,အထက်—ဟူသော အရပ် ဒိသာ ၆-မျက်နှာတို့ကို မှာကြားလိုသည်မဟုတ်၊ ငါဘုရား၏သာသနာမှာလည်း အရပ်ဒိသာ ၆-မျက်နှာရှိသည်၊ ထိုအရပ် ၆-မျက်နှာကို ရိုသေစွာစိတ် စဲ့၍ အမြဲရှိခိုးရမည်—ဆိုသည်မှာလည်း လက်အုပ်ချီမိုး၍ ရှိခိုးသည်ကို မှာဆိုခဲ့သည်မဟုတ်" ဟု မိန့်တော်မူလေ၏။

www.dhammaransi.com



ထိုအခါ သိင်္ဂါလ သူကြွယ်သားက ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား.... အရပ်ဒိသာ ၆-မျက်နှာဆိုသည်ကား-အဘယ်ကို ဆိုလိုပါသနည်း၊ ရိုသေစွာစိတ်စွဲ၍ အမြဲ ရှိခိုးရမည် ဆိုသည်ကား-အဘယ်သို့ ပြုသည်ကို ဆိုလိုပါသနည်း၊ ဤအရာကို မလိမ္မာသူ အကျွန်ုပ်အား ကရုဏာရှေ့ထား၍ ဟောကြား ဖော်ပြတော်မူပါ" ဟု လျှောက်ထား တောင်းပန်ပြန်လေ၏။

**လျှောက်ထားပုံ**

ထိုအခါ အိမ်ဦးနေသူ လူ-ဂဟဋ္ဌ အပေါင်းတို့အား လူကောင်း**စင်စစ်** ဖြစ်ဖို့အမှန် ကြည်ရှောင်ရန်တရား တဆယ့်လေးပါးတို့နှင့်တကွ သူကြွယ်သား တောင်းပန်ချက်ကို ဆက်လက်ထုတ်ဖော် ဟောကြားတော်မူပေသတည်း။

[အမိ, အဘ-စသည်ကို အရပ်ဒိသာ ၆ မျက်နှာဆိုသည်၊ အခါခါ အကဝတ် စသည်ကို နေရာတကျ ပြုမှုသည် အရပ်ဒိသာ ၆-မျက်နှာကို ရှိခိုးခြင်းမည်၏ ဟု အကျဉ်းမှတ်လင့်။]

နိဒါန်း ပြီး၏။

---

## ဥဒ္ဒေသသံပေါက်-၁၁

[ယခုအခါ ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ်၌ သိင်္ဂါလအမည်ရှိသော ထိုသူကြွယ်သားအား မြတ်စွာဘုရားသည် ဟောကြား ဆုံးမတော် မူအပ်သော ဂိဟိဝိနယတရားကို သံပေါက်လင်္ကာဖြင့် ကောင်းစွာ ဖော်ပြပေအံ့။]

၁။ သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက်မမှန်ငြား။

၂။ လေးတန်ညစ်ကျူး၊ မကောင်းမှု၊ မပြုကြည်ရှောင်ရှား။

၃။ ချစ်,မုန်း,ကြောက်မှု၊ မသိမှု၊ လေးခုအလိုက်မှား။

၄။ အဂတိလေး၊ ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။

၅။ ယစ်မျိုးသောက်ကြူး၊ သဘင်ကြူး၊ လောင်းကြူးညဥ့်လည်များ။

၆။ မိတ်ဆွေ မကောင်း၊ ပျင်းအားကောင်း၊ အကြောင်း ဤခြောက်ပါး။

www.dhammaransi.com



၇။ ဥစ္စာမဲ့ရေး၊ မြန်မနှေး၊ ဝေးစွာကြဉ်ရှောင်ရှား။
၈။ မာတာပိတာ၊ ရှေ့ဒိသာ၊ ဆရာ တောင်ရပ်ပြား။
၉။ သားမယားလျှင်၊ အနောက်ခွင်၊ မိတ်သင်မြောက်အလား။
၁၀။ ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊ သူမြတ်ရဟန်းပုဏ္ဏား။
၁၁။ အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံ့စွာဆို့ပိတ်ထား။

ဥဒ္ဒေသသံပေါက် ၁၁ ပြီး၏။

---

## နိဒ္ဒေသသံပေါက်–၂၈

၁။ ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များတုံရောဂါစု။
သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု။
ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါး အပြစ်ရှု။

၂။ မိမိသား,မယား၊ ဥစ္စာအား၊ သုံးပါးအစောင့်ဝေး။
မသင်္ကာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ်ဒုက္ခရှေး။
ညဥ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မူခြောက်ပါးထွေး။

၃။ ကခြင်း, သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်းဇာတ်ငတ္ထု။
လက်ခုပ်အိုးစည်၊ သဘင်လည်၊ ခြောက်မည်အပြစ်စု။

၄။ နိုင်သူမှာ ရန်၊ ရှုံးပူပန်၊ အမြန်ဥစ္စာပြုန်း။
ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြားပယ်ရိုးထုံး။
မျိုးဆွေနှိပ်စက်၊ အံကြူးနက်၊ ခြောက်ချက်အပြစ်နှုန်း။

၅။ အံကြူး,ထိကြူး၊ ယစ်မျိုးကြူး၊ သုံးဦး လူပျက်မျိုး။
လမ်လည်နှစ်ပါး၊ ခိုးသား, ဒမြ၊ ဤခြောက်ဝ၊ ပါပ မိတ်ဆွေမျိုး။

၆။ အေးသည်, ပူသည်၊ မိုးချုပ်သည်နှင့်၊ စောသည်, ဆာသည်၊ ပြည့်အင့်သည်၊ ခြောက်မည် လူပျင်းမျိုး။

၇။ ယူမိတ်,နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်–မိတ်တုလေး။
ရန်သူမိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေ ကင်းစင်ဝေး။

၈။ ပြုမိတ်,တူမိတ်၊ ဆရာမိတ်၊ ညှာမိတ်–မိတ်စစ်လေး။
ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေပေါင်းဖို့ရေး။

www.dhammaransi.com



၉။ မွေးတို့မွေးမှု၊ ပြုဖွယ်ပြု၊ ကုလမျိုးနွယ်တည်။
ဆက်ခံအမွေ၊ သေလွန်ပေး မျှဝေ ဝတ်ငါးမည်။

၁၀။ မကောင်းမြစ်တား၊ ကောင်းရာထား၊ သင်ကြားတတ်ပညာ။
လျော်ရာအိမ်ပေး၊ အမွေပေး၊ ကျင့်ရေး ဝတ်ငါးဖြာ။

၁၁။ ထကြွခစား၊ ကြားနာ၊ လုပ်ကျွေး၊ သင်အံမေး၊ ကျင့်ရေး ဝတ်ငါးဖြာ။

၁၂။ ယဉ်ကျေးစေမှု၊ မှတ်စေမှုနှင့်၊ တတ်မှုမချန်း၊ ပြန်၍ဆောင်နှင်း၊
ဘေးကင်းစေမှု၊ ဝတ်ငါးခု၊ ပြုလေမြတ်ဆရာ။

၁၃။ မပေါ့စားမှု၊ နာဖွယ်မှုနှင့်၊ သူ့ကိုမကျူး၊ စိုးမှူးလွှဲထား၊
ဝတ်စားဆင်ယင်၊ ဤငါးအင်၊ လင်တို့ပြုစမြဲ။

၁၄။ အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊ ကောင်းသားပြုအင်၊
စင်ကြယ်သီလ၊ မနေစောင့်ထိန်း၊ မပြိန်းမပျင်း၊ အရင်းတရား၊
ဝတ်ငါးပါး၊ မယားပြုစမြဲ။

၁၅။ ပေးဝေမျှတ၊ ပိယနှုတ်ချို၊ ကျိုးလိုကျင့်မှု၊ ကိုယ်တူပြုခြင်း၊
မချွတ်ယွင်းစေ၊ ဤငါးထွေ၊ မိတ်ဆွေ ကျင့်ဝတ်မျိုး။

၁၆။ အသက်ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊ ကြောက်လျှင်ကြပ်မ၊
တူကွဘေးတွင်၊ သားစဉ်မြေးဆက်၊ မြတ်နိုးချက်၊ မိတ်ဖက်
ဝတ်ငါးမျိုး။

၁၇။ အားတန်ခိုင်းစေ၊ ကျွေးအောင်ပေးကျွေး၊ နာရေးပြုငြား၊
အစားကောင်းမျှ၊ လွှတ်သင့်က လွှတ်၊ ကျင့်ဝတ် တရား၊
ဤငါးပါး၊ မှတ်သား အရှင့်ဝတ်။

၁၈။ အယင်ထမြောက်၊ နောက်မှအိပ်ရေး၊ ပေးမှလည်းယူ၊ ပြုမှု
ကောင်းတုံ၊ ဂုဏ်ကိုပြောကြား၊ ဤ ငါးပါး၊ မှတ်သား
ကျွန်တို့ဝတ်။

၁၉။ မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊ ငါးသင်း
လူတို့ဝတ်။

www.dhammaransi.com



၂၀။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်ကြား၊ သနားစိတ်နူး၊
မကြားဖူးက၊ ပြသညွှန်သင်၊ ကြားဖူးလျှင်မူ၊ ချွတ်ထွင်ခွဲခြမ်း၊
နတ်လမ်းရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်းရှင်တို့ဝတ်။

၂၁။ ဆောင်ဖို့သာခဲ၊ အနဲပေးမူ၊ အများယူ၊ ကြောက်မူလာ၍ကပ်။
သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုးအညဒတ်။

၂၂။ အတိတ်, နာဂတ်၊ မိတ်ဇွေစပ်၊ နိရတ်ချီးပင့်မ။
အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ်ဝစီပရမ။

၂၃။ မကောင်းလိုက်လျော၊ ကောင်းလိုက်လျော၊ ကောင်းပြော ရှေ့တွင်သာ။
မျက်ကွယ်ဆိုးမှု၊ အင်လေးခု၊ အနုပိယသာ။

၂၄။ ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊ ပွဲလမ်းတဌာန။
ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်သဟာယ။

၂၅။ အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါကယ်ဖော်ရ။
ကူဖွယ်ရှိမူ၊ တပိုးကူ၊ စင်ဖြူ ဥပကာရ။

၂၆။ လျှို့ဝှက်မရှိ၊ လျှို့ဝှက်ဘိ၊ ဘေးရှိမငွန့်လေ။
မိတ်အတွက်မှန်၊ သက်မချန်၊ သမာန်မိတ်ကြီးပေ။

၂၇။ မကောင်းမြစ်တား၊ ကောင်းရာထား၊ ဟောကြားသိဖို့ရာ။
နတ်လမ်းပြညွှန်၊ ဤလေးတန်၊ အမှန် အတ္ထက္ခာ။

၂၈။ မပွားလျှင်စိုး၊ ပွားလျှင်ဖြိုး၊ ကျိုးမဲ့ပြောမခံ။
အကောင်းပြောလျှင်၊ မနှောရှင်၊ မိတ်သင်အနုကံ။

နိဒ္ဒေသသံပေါက် ၂၈ ပြီး၏။

---

## ၁-၂-ဥဒ္ဒေသသံပေါက်အဓိပ္ပါယ်

### ကမ္မကိလေသတရား ၄-ပါး

အကျဉ်းသံပေါက် လင်္ကာ၏ အဓိပ္ပါယ်သရုပ်ကို ထုတ်ပြပေအံ့။

**၁။ ပါဏာတိပါတ**=သန်းဥ, ကြမ်းပိုးဥ-မှစ၍ အသက်ရှိသူ လူ, တိရစ္ဆာန် သတ္တဝါမှန်သမျှကို သတ်ဖြတ်ညှဉ်းဆဲခြင်း တပါး။

www.dhammaransi.com



၂။ **အဒိန္နာဒါန**=သူတပါးတို့ ပိုင်ဆိုင်သောဥစ္စာကို အနိုင်အထက် နှိပ်စက်ခြောက်ခြိမ်း တောင်းရမ်း ခွဲခန့်၍ယူခြင်း၊ သူခိုး ဒမြ တို့ကဲ့သို့ ခိုးဝှက်တိုက်ခိုက်၍ယူခြင်း၊ အမျိုးမျိုးသော လိမ်လည်နည်းတို့ဖြင့် လိမ်လည်၍ယူခြင်း၊ အမျိုးမျိုးသော စဉ်းလဲနည်းတို့ဖြင့် စဉ်းလဲ၍ယူခြင်း တပါး။

၃။ **ကာမေသုမိစ္ဆာစာရ**=ယောကျ်ားတို့မှာ မလွန်ကျူးအပ်သော နှစ်ကျိပ်သော မိန်းမတို့၌ ကျူးလွန်ခြင်း၊ လင်ရှိသော မိန်းမတို့မှာ မိမိလင်မှ တပါးသောယောကျ်ားများနှင့် ပေါင်းဖော်ခြင်းတပါး။

၄။ **မုသာဝါဒ**=မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း တပါး။

ဤ ၄-ပါးတို့ကို လောက၌ လူဆိုးလူညစ်တို့ပြုကြသော အမှုမျိုးဖြစ်၍ ကမ္မကိလေသတရား ၄-ပါးဟူ၍ ခေါ်၏။ လူဖြစ်သောသူသည် လူဆိုးလူညစ် မဖြစ်ရအောင် ဤ ကမ္မကိလေသတရား ၄-ပါးတို့မှ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍-

* **သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ နှုတ်ထွက်မမှန်ငြား။**

* **လေးတန်ညစ်ကျူး၊ မကောင်းမှု၊ မပြုကြဉ်ရှောင်ရှား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ကမ္မကိလေသ တရား ၄-ပါး ပြီး၏။

---

## ၃-၄-ဥဒ္ဒေသသံပေါက် အစိပ္ပါယ်

## အဂတိတရား ၄-ပါး

၁။ **ဆန္ဒာဂတိ**=လူ့မျက်နှာကို သော်လည်းကောင်း, တံစိုး လက်ဆောင်ကို သော်လည်းကောင်း၊ ငဲ့ကွက်သည့် အတွက်ကြောင့် မတော်မတရားသောအမှုကို ပြုခြင်းတပါး။

၂။ **ဒေါသာဂတိ**=မုန်းသည့်အတွက်ကြောင့် မတော်မတရားသော အမှုကို ပြုခြင်းတပါး။

www.dhammaransi.com



၃။ **ဘယာဂတိ=ကြောက်သည့် အတွက်ကြောင့် မတော်မတရား** သောအမှုကို ပြုခြင်းတပါး။

၄။ **မောဟာဂတိ**=တရားလမ်းမှန်ကို မသိသည့် အတွက်ကြောင့် မတော်မတရားသော အမှုကို ပြုခြင်းတပါး။

ဤ ၄-ပါးတို့ကို မိမိကိုယ်၏ စင်ကြယ်ခြင်းကို အလေးမပြုကြသော လူယုတ်လူညံ့တို့၏ မသင့်မလျော် မတော်မတရားသော လိုက်စားမှုမျိုး ဖြစ်၍ အဂတိတရား ၄-ပါးဟူ၍ ခေါ်၏။ ။လူဖြစ်သော သူသည် သူယုတ်သူညံ့မဖြစ်ရလေအောင် ဤအဂတိ ၄-ပါးတို့မှ အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်-ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍-

* **ချစ်, မုန်း, ကြောက်မှု၊ မသိမှု၊ လေးခုအလိုက်မှား။**

* **အဂတိလေး၊ ကင်းစင်ဝေး၊ ပြုရေးမှန်ဖြောင့်သား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အဂတိတရား ၄-ပါး ပြီး၏။

---

၅-၆-၇-ဥဒ္ဒေသသံပေါက် အစိပ္ပါယ်

**ပျက်စီးကြောင်းတရား ၆-ပါး**

၁။ သုရာမေရယမဇ္ဇပါန=သေရည်မျိုး, သေရက်မျိုး, ယစ်မျိုး သောက်စားခြင်း တပါး။

၂။ **ဝိကာလဝိသိခါစရိယာ**=ညအခါ၌ လမ်းလျှောက်လေ့ ရှိခြင်း တပါး။

၃။ **သမဇ္ဇာဘိစရဏ**=ပွဲလမ်းသဘင် ပျော်ရွှင်လိုက်စား ကြူးခြင်း တပါး။

၄။ ဇူတပ္ပမာဒဋ္ဌာန=ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး တို့၌ မေ့လျော့ ဖေါ့စားကြောင်း ဖြစ်သော အလောင်းအစား ကစားလေ့ ရှိခြင်းတပါး။

www.dhammaransi.com



၅။ **အာလဿာနုယောဂ**—အလုပ်အကိုင် ပျင်းရိခြင်းနှင့် အမြဲ ယှဉ်ခြင်း တပါး။

၆။ **ပါပမိတ္တတာ**=မိတ်ဆွေမကောင်းနှင့် ပေါင်းဖော်ခြင်း တပါး။

ဤ ၆-ပါးတို့တွင် တပါးပါးနှင့် ယှဉ်သောသူအား မရသေးသော ဥစ္စာစည်းစိမ် ဂုဏ်သိန်ကျက်သရေ တို့ကိုလည်း ရနိုင်ခွင့်မရှိ၊ ရရှိသော ဥစ္စာစည်းစိမ် ဂုဏ်သိန်ကျက်သရေတို့ကိုလည်း တိုးပွားစေရန် အခွင့်မရှိ၊ တနေ့တခြား ပျက်ပြားဆုံးရှုံးခွင့်သာရှိ၏။

ထို့ကြောင့် လူဖြစ်သောသူသည် ဤ ၆-ပါး သော ဌာနတို့ ကို အသက်ထက်ဆုံး လွတ်ကင်းအောင် ကြဉ်ရှောင်ရမည်—ဟူ၍ ဟောတော်မူ၏။

သည်ကိုရည်၍—

* **ယစ်မျိုးသောက်ကြူး၊ သတင်ကြူး၊ လောင်းကြူးညဉ့်လည်မျှား။**

* **မိတ်ဆွေမကောင်း၊ ပျင်းအားကောင်း၊ အကြောင်း ဤ ၆-ပါး။**

* **ဥစ္စာမွဲရေး၊ မြန်မနှေး၊ ဝေးစွာကြဉ်ရှောင်ရှား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ကဗျာဖြင့်၍ ရှေ့နောက်အစဉ် ရွေ့လျော်မှုသည်၊ ဤ ၆ ပါးကိုပင် အစဉ်အတိုင်း အကျယ်ထုတ်ဖော်၍ ဟောတော်မူ၏။]

ပျက်စီးကြောင်းတရား ၆—ပါး ပြီး၏

---

## နိဒ္ဒေသ သံပေါက်လက်ာ အဓိပ္ပါယ်

### ယစ်မျိုးသောက်စားမှု အပြစ် ၆-ပါး

၁။ **သန္ဒိဋ္ဌိကာဓနဇာနိ**=ယခုမျက်မှောက်ဘဝမှာ ဥစ္စာ ပြုန်းတီးခြင်း တပါး။

၂။ **ကလဟပ္ပဝဍ္ဎနီ**—ခိုက်ရန်ဒေါသ ပွားများခြင်းတပါး။

၃။ **ရောဂါနံ အာယတနံ**=ရောဂါဆိုး, အနာဆိုးတို့ ပေါ်ပေါက် ပွားများရန် အကြောင်းဖြစ်ခြင်းတပါး။

**(၂။ ကျော်ညွန့်နှင့်အခေါင်းအသင်း)**

www.dhammaransi.com



၄။ **အကိတ္တိသဉ္ဇနနီ**=အကျော် အစော မဲ့ခြင်းကို ဖြစ်စေခြင်း တပါး။

၅။ **ကောပိနနိဒ္ဒံသနီ**=အရှက်ကွဲရာ ကိုယ်အင်္ဂါကို ဖော်ပြခြင်း တပါး။

၆။ **ပညာယဒုဗ္ဗလီကရဏီ**=အသိ အလိမ္မာ ဉာဏ်ပညာ ယုတ်လျော့ခြင်းကို ပြုခြင်းတပါး။

သည်ကို ရည်၍–

* **ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များတုံရောဂါစု။**

* **သဘင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု။**

* **ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါးအပြစ်ရှု။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ယစ်မျိုးသောက်စားမှုအပြစ် ၆-ပါး ပြီး၏။

---

## ညအခါ-လမ်းလျှောက်မှုအပြစ် ၆-ပါး

၁။ အတ္တ အဂုတ္တ=မိမိ၏ အသက်အန္တရာယ်မှ အစောင့်အရှောက် ကင်းခြင်းတပါး။

၂။ ပုတ္တဒါရ အဂုတ္တ=သား, သမီး, သားမယားတို့ ကသောက်ကရောက် ဖောက်ပြန် ပျက်ပြားခွင့်မှ အစောင့်အရှောက် ကင်းခြင်း တပါး။

၃။ **သာပတေယျ အဂုတ္တ**=ဥစ္စာဓန အန္တရာယ်မှ အစောင့်အရှောက် ကင်းခြင်းတပါး။

၄။ **သင်္ကိယ**=ထိုသူ၌ သူတပါးတို့ မယုံသင်္ကာများခြင်း တပါး။

၅။ **အဘူတဝစန ရူဟနာ**=သူတပါးတို့ မဟုတ်မတရား စွပ်ဆိုသော်လည်း အဟုတ်ဖြစ်၍ မှုပြစ်မင်းဒဏ် ရောက်လွယ်ခြင်းတပါး။

၆။ **ဗဟုဒုက္ခ ပုရက္ခာရ**=ဒုက္ခအမျိုးမျိုး တွေ့ကြုံရန် ရှေးရှုလျက် ရှိနေခြင်းတပါး။

www.dhammaransi.com



သည့်ကို ရည်၍—

* **မိမိသားမယား၊ ဥစ္စာအား၊ သုံးပါးအစောင့်ဝေး။**

* **မသက်ာဖွယ်၊ မှုရောက်လွယ်၊ သွယ်သွယ်ဒုက္ခရှေး။**

* **ညဥ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မှုခြောက်ပါးထွေး။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ညအခါလမ်းလျှောက်မှုအပြစ် ၆ ပါး ပြီး၏။

---

## ပွဲလမ်းသဘင်ကြူးမှု အပြစ် ၆-ပါး

၁။ **ကွနစ္စံ**=ကပွဲ, ခုန်ပွဲတို့၌ နေ့,ရက်ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတပါး။

၂။ **ကွဂီတံ**=သီချင်း သီပွဲ ဆိုပွဲတို့၌ နေ့,ရက် ကုန်ဆုံး၍ နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတပါး။

၃။ **ကွဝါဒိတံ**=တီးပွဲ, မှုတ်ပွဲတို့၌ နေ့,ရက် ကုန် ဆုံး ၍ နေ သ ဖြင့် ကုသိုလ်ရေး,လိမ္မာရေး,ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတပါး။

၄။ **ကွအက္ခာနံ**=ရာမ, အိနောင်, ငွေတောင်, ဘာရတ အစရှိသော သမ္ဘပ္ပလာပအင်္ဂါ ဒဏ္ဍာရီဇာတ်ဝတ္ထုတို့ကို ဖွဲ့ဆိုပြောဟောသော သာချင်းပွဲတို့၌ နေ့,ရက်ကုန်ဆုံး၍နေသဖြင့် ကုသိုလ်ရေး, လိမ္မာရေး, ဥစ္စာစီးပွားရေး လစ်လပ်ခြင်းတပါး။

၅။ **ကွပါဏိဿရံ**=လက်ခုပ်တီးနှဲ့ အရပ်ပွဲတို့၌ နေ့,ရက် ကုန်ဆုံး၍ နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်းတပါး။

၆။ **ကွကုမ္ဘထုနံ**=အိုးစည်ပွဲတို့၌ နေ့, ရက် ကုန်ဆုံး၍ နေသဖြင့် အရေးသုံးပါး လစ်လပ်ခြင်းတပါး။

သည်ကိုရည်၍—

* **ကခြင်း,သီခြင်း၊ တီးမှုတ်ခြင်း၊ သာချင်းဇာတ်ဝတ္ထု။**

* **လက်ခုပ်,အိုးစည်၊ သဘင်လည်၊ ခြောက်မည်အပြစ်စု။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

www.dhammaransi.com



ဤကဗျာတို့၌ **သဘင်လည်** ဆိုသည်ကား ပွဲလမ်းသဘင်ရှိတိုင်း လှည့်လည်လိုက်စားသူ ဆိုလိုသည်။ "ကွနစ္စံ" စသည်၌ 'ကွ–အဘယ် အရပ်၌။ နစ္စံ၊ ကပွဲခုနှ်ပွဲ ရှိသနည်း' **စသည်ဖြင့်** အနက်ဆိုလေ။ ။ ဘယ်မှာ ကပွဲရှိသနည်း, ဘယ်မှာ သီပွဲရှိသနည်း ဟု ပွဲစိတ်,ပွဲစကားနှင့်ပင် နေ့ရက်ကုန်မျော၍နေပုံကို ပြဆိုသော စကားမျိုးတည်း။

ပွဲလမ်းသဘင်ကြူးမှု အပြစ် ၆ ပါး ပြီး၏။

---

**လောင်းကစားကြူးမှု အပြစ် ၆-ပါး**

၁။ **ဇယဝေရံပသဝတိ**=နိုင်သောသူမှာ ရှုံးသောသူတို့က ငြိုးမှု အတွက် ရန်ပွားခြင်းတပါး။

၂။ **ဇိနောဝိတ္တ သောစတိ**=ရှုံးသောသူမှာ ကုန်သော ဥစ္စာအတွက် စိတ်မကျေအေးနိုင်ခြင်းတပါး။

၃။ **သန္ဒိဋ္ဌိက ဓနဇာနိ**=ယခု မျက်မှောက်ဘဝမှာ ဥစ္စာ ပြုန်းတီး တတ်ခြင်းတပါး။

၄။ **ဝစနန္နုဟနာ**=လွှတ်ရုံး စသော သဘင်အလယ်၌ ထိုသူ့စကား မအောင်ရခြင်းတပါး။

၅။ **မိတ္တာမစ္စပရိဘူတ**=ဆွေမျိုးညာတိတို့၏ ကရုဏာဒေါသ ရှုတ်ချ နှိပ်နယ်မှုကို ခံရခြင်းတပါး။

၆။ **အာဝါဟဝိဝါဟ ဝဇ္ဇနာ**=ထိမ်းမြားမှုမှ အပယ်ခံ၍ ကြဉ်ရှောင် ခြင်းတပါး။

သည်ကိုရည်၍–

* **နိုင်သူမှာရန်၊ ရှုံးပူပန်၊ အမြန်ဥစ္စာပြုန်း။**

* **ပွဲလယ်စကား၊ မတည်ငြား၊ ထိမ်းမြားပယ်ရိုးထုံး။**

* **မျိုးဆွေနှိပ်စက်၊ အန်ကြူးနက်၊ ခြောက်ချက်အပြစ်နှုန်း။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

လောင်းကစားကြူးမှု အပြစ် ၆ ပါး ပြီး၏။

www.dhammaransi.com



## ပျင်းရိခြင်း အပြစ် ၆–ပါး

၁။ **အတိသီတံ**=ချမ်းအေးလှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်း တပါး။

၂။ **အတိဥဏှံ**=ပူလှသေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်း တပါး။

၃။ **အတိသာယံ**=မိုးချုပ်လှပြီ ဟူ၍ အလုပ်လစ်ဟင်းခြင်း တပါး။

၄။ **အတိပါတော**=စောလှသေးသည် ဟူ၍ အလုပ် လစ်ဟင်းခြင်း တပါး။

၅။ **အတိဆာတော**=ဆာမွတ်လှသေးသည် ဟူ၍ အလုပ် လစ်ဟင်းခြင်းတပါး။

၆။ **အတိဓာတော**=ထမင်းစားပြီးခါစ ဖြစ်၍ ဝမ်းအင့်သေးသည် ဟူ၍ အလုပ်လစ်ဟင်းခြင်းတပါး။

သည်ကိုရည်၍—

* **အေးသည်,ပူသည်၊မိုးချုပ်သည်နှင့်၊ စောသည်,ဆာသည်၊ ပြည့်အင့်သည်၊** ခြောက်မည်လူပျင်းမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ပျင်းရိခြင်း အပြစ် ၆ ပါး ပြီး၏။

---

## မိတ်မကောင်း နှင့် ပေါင်းဖော်ခြင်း အပြစ် ၆-ပါး

၁။ **ဓုတ္တမိတ္တ**=အလောင်းအစား ကစားကြူးသူတို့နှင့် ပေါင်းဖက်ခြင်းတပါး။

၂။ **သောဏ္ဍမိတ္တ**=မိန်းမကြူးသူ, အစားကြူးသူတို့နှင့် ပေါင်းဖက်ခြင်းတပါး။

၃။ **ပိပါသမိတ္တ**=အသောက်ကြူးသူတို့နှင့် ပေါင်းဖက်ခြင်းတပါး။

၄။ **နေကတိကမိတ္တ**=ရွှေတု, ငွေတု စသည် ပြု၍ လိမ်လည်လေ့ ရှိသော လူလိမ်တို့နှင့် ပေါင်းဖက်ခြင်းတပါး။

www.dhammaransi.com



၅။ **ဝဍ္ဎကမိတ္တ**=ထိုမှတပါးသော စဉ်းလဲ လှည့်ပတ်လေ့ရှိသောသူ လူကောက် လူညစ်တို့နှင့် ပေါင်းဖက်ခြင်းတပါး။

၆။ **သာဟသိကမိတ္တ**=ဒမြ, သူခိုး, လူဆိုး, လူသွမ်း,လူသရမ်း တို့နှင့် ပေါင်းဖက်ခြင်းတပါး။

သည်ကိုရည်၍—

* **အံကြူး, ထိကြူး၊ ယစ်မျိုးကြူး၊ သုံးဦးလူပျက်မျိုး။**

* **လိမ်လည်နှစ်ပါး၊ ခိုးသား,ဒမြ၊ ဤခြောက်ဝ၊ ပါပမိတ်ဆွေမျိုး၊**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤကဗျာတို့၌ **ထိကြူး** ဆိုသည်ကား ဇူတ္တကြူးကို ဆိုလိုသည်။ ။ **လိမ်လည်နှစ်ပါး** ဆိုသည်ကား လိမ်လည်ခြင်း, စဉ်းလဲခြင်း နှစ်ပါးကို ဆိုသည်။ ။ရွှေလိမ်,ငွေလိမ် စသည်ကို လိမ်လည်ခြင်းဆိုသည်၊ အချိန် စဉ်းလဲခြင်း, အချင်စဉ်းလဲခြင်း, အလေးစဉ်းလဲခြင်း, တောင်းစဉ်းလဲခြင်း စသည်ကို စဉ်းလဲခြင်းဆိုသည်။

မိတ်မကောင်းနှင့် ပေါင်းဖော်ခြင်း အပြစ် ၆ ပါး ပြီး၏။

---

## မိတ်ဆိုး,မိတ်တု ၄-ယောက်

၁။ **အညဒတ္ထုဟရမိတ်**=စင်စစ် ယူဆောင်သော အဆွေခင်ပွန်း၊ (မိမိကို ပေးကမ်းထောက်ပံ့မည့်သူမဟုတ်၊ ယူမည့်သူ သက်သက်သာ ဟူလိုသည်။)

၂။ **ဝစီပရမမိတ်**=စကားလျှင် အတိုင်းအရှည်ရှိသော အဆွေခင်ပွန်း။ ။(ပေးကမ်းမှု၌ လက်ကား မပါ၊ ပါးစပ်ပြောသာ ကောင်းသော အဆွေခင်ပွန်း ဟူလိုသည်။)

၃။ **အနုပိယ ဘာဏီမိတ်**=ရှေ့မျက်မှောက်တွင်သာ ချစ်ခင်ယောင်ပြု၍ အလိုက်ပေါင်းသော အဆွေခင်ပွန်း။

၄။ **အပါယသဟာယမိတ်**=ယုတ်မာသော အမှုတို့၌ အဖော်သဟဲ ရသော အဆွေခင်ပွန်း။ (သတ်ဖော်, ဖြတ်ဖော်, ခိုးဖော်, တိုက်ဖော်, မိုက်ဖော်,မဲဖော်-အဆွေခင်ပွန်း ဟူလိုသည်။)

www.dhammaransi.com



ဤ ၄-ယောက်သောသူတို့သည် အကျိုးမဲ့ဖို့သာ ဖြစ်ကြကုန်သော ကြောင့် အဆွေခင်ပွန်းအစစ် မဟုတ်ကြကုန်၊ ခင်ပွန်းတု ခင်ပွန်းယောင် ဆောင်ကြသော ရန်သူတို့သာတည်း၊ ဝေးစွာ ရှောင်ကြရာ၏။

သည်ကိုရည်၍—

* **ယူမိတ်၊ နှုတ်မိတ်၊ ချစ်ယောင်မိတ်၊ ယုတ်မိတ်-မိတ်တုလေး။**

* **ရန်သူမိတ်ဆွေ၊ ဤလေးထွေ၊ ရှောင်လေကင်းစင်ဝေး။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ဤရန်သူမိတ် ၄ ယောက်တို့၏ လက္ခဏာကို အကျယ် ဟောတော်မူ၏။]

---

### ၁။ အညဒတ္ထုဟရမိတ်၏ လက္ခဏာ ၄-ပါး

၁။ ပေးမည်ဟူ၍ မကြံ၊ ရသာတိုင်း ဆောင်ယူခြင်း လက္ခဏာ တပါး။

၂။ အနည်းငယ်ပေး၍ အများယူခြင်း လက္ခဏာတပါး။

၃။ မလွှဲသာလျှမှ ကိစ္စကိုဆောင်ရွက်ခြင်း လက္ခဏာတပါး။

၄။ မိမိအကျိုးကိုငဲ့၍သာ ပေါင်းဖော်ခြင်း လက္ခဏာတပါး။

သည်ကိုရည်၍—

* **ဆောင်ဖို့သာခဲ၊ အနဲပေးမူ၊ အများယူ၊ ကြောက်မူလာ၍ကပ်။**

* **သက်သက်ကိုယ်ကျိုး၊ ငဲ့သူမျိုး၊ မိတ်ဆိုးအညဒတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

### ၂။ ဝစီပရမမိတ်၏ လက္ခဏာ ၄-ပါး

၁။ အတိတ်နှင့် လောက်ဝတ်ပြုခြင်း တပါး။

၂။ အနာဂတ်နှင့် လောကဝတ်ပြုခြင်း တပါး။

၃။ အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့် သင်္ဂြိုဟ်ချီးမြှင့်ခြင်း တပါး။

၄။ မိတ်ဆွေဖြစ်သူ၌ ကူညီရန် အခွင့်ရှိလာလျှင် မိမိ၌ ပျက်စီးမှုကို ပြခြင်း တပါး။

www.dhammaransi.com



သည်ကိုရည်၍—

* **အတိတ်,နာဂတ်၊ မိတ်ဓာတ်စပ်၊ နိရတ်ချီးပင့်မ။**

* **အကြောင်းရှိသော်၊ ဒုက္ခဖော်၊ လေးပေါ်ဝစီပရမ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

**အတိတ် နှင့် လောကွတ်ပြုခြင်း**—ဆိုသည်ကား မိတ်ဆွေဖြစ်သူက ကိစ္စဆိုက်တိုက်သည်နှင့် ပေးနှင့်ပါ၊ ချေးနှင့်ပါဟု လာလျှင် ရှိတုန်းအခါက သင့်ကိုမျှော်ပါ၏၊ သင်မလာခဲ့၊ ယခုမှာ ကုန်၍သွားပါပြီဟု ရှိသည်ကို မပေးလို့,မချေးလို၍ အတိတ်နှင့် လောကွတ်ပြုခြင်းတည်း။

**အနာဂတ် နှင့် လောကွတ်ပြုခြင်း**—ဆိုသည်ကား ရှိလျက် နှင့် မပေးလို၍ ယခု မရှိခိုက် ကြုံရလေခြင်း,မပေးရလေခြင်း, နောင်ရှိသောအခါ လာခဲ့ပါဟု အနာဂတ် နှင့် လောကွတ်ပြုခြင်းတည်း၊ နောက် လာပြန်လျှင်လည်း တမျိုးလွှဲ၍ ပြောပြန်လတ္တံ့။

**အကျိုးမရှိ နိရတ္ထကဖြစ်သောအခွင့် နှင့် သင်္ဂြိုဟ်ချီးမြှင့်ခြင်း**—ဆိုသည်ကား ထိုသူ၌ ပြည့်ပြည့်စုံစုံရှိ၍ မယူလိုမှန်းသိသောအခါ ငါ့မှာ ငွေရှိပါသည်၊ အလိုရှိလျှင်ယူ၍သုံးနှင့်ပါ—ဟု ပေး၏၊ ထိုသူ၌ မပြည့်မစုံရှိ၍ လိုချင်မှန်း သိသောအခါ ငွေမရှိဟု ဝှက်၏၊ မစားနိုင်သော အခါ စားပါ,စားပါ ဟု ပေး၏။ စားနိုင်, သောက်နိုင်သောအခါ ဝှက်၏၊ ရွက်ဆောင်ရန် အကြောင်းကိစ္စ မရှိသောအခါ အကြောင်းကိစ္စရှိလျှင် ဆောင်ရွက်လိုဟန်ပြု၍ ခုတင်ခုလာ၏၊ အကြောင်းကိစ္စ တကယ်ရှိလာလျှင် ကိစ္စတပါး နှင့် အသံပေး၍ ဝေးရာသို့ ထွက်ရှောင် ရှား၏၊ အကြောင်းကိစ္စပြီးငြိမ်းမှ ပြန်လာ၍ ငါတို့မရှိခိုက်ဖြင့် ကြုံကြိုက်ရလေခြင်း ဟု နောင်တစကား များစွာပြောဆို၏။

ဤသို့အစရှိသည်ဖြင့် အကျိုးမရှိ နိရတ္ထကဖြစ်သော အခွင့်နှင့်သင်္ဂြိုဟ်ချီးမြှင့်ခြင်းအမှုသည် လောက၌ အလွန်များ၏၊ စိတ်နှလုံး မဖြူဖြောင့်နှုတ်ပရိယာယ်ထူလှသော လူကောက်တို့ အမှုမျိုးတည်း။

www.dhammaransi.com



**မိတ်ဆွေဖြစ်သူ၌ ကူညီရန် အခွင့်ရှိလာလျှင် မိမိ၌ ပျက်စီးမှုကိုပြခြင်း—** ဆိုသည်ကား ခေါင်းကိုက်လေယောင်ပြခြင်း, ဝမ်းနာလေယောင်ပြခြင်း, စီးပွားပျက်လေယောင်ပြခြင်း အစရှိသည်တည်း။

---

၃။ အနုပိယမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှု၌လည်း ဤအမှုကို ပြုလိုသည်ဟုဆိုလျှင် ပြုသာပြုဟု လိုက်လျောခြင်း တပါး။

၂။ ကောင်းမှု၌လည်း ပြုသာပြုဟု လိုက်လျောခြင်း တပါး။

၃။ မျက်မှောက်၌ ကောင်းစကား ပြောခြင်း တပါး။

၄။ မျက်ကွယ်၌ ဆိုးစကား ပြောခြင်း တပါး။

ဤ ၄-ပါးတည်း။

သည်ကိုရည်၍—

* **မကောင်း လိုက်လျော၊ ကောင်း လိုက်လျော၊ ကောင်းပြော ရှေ့တွင်သာ။**

* **မျက်ကွယ်ဆိုးမူ၊ အင်လေးခု၊ အနုပိယသာ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

၄။ အပါယသဟာယမိတ်၏ လက္ခဏာ ၄-ပါး

၁။ ယစ်မျိုး သောက်စားမှု၌ အဖော်သဟဲရခြင်း တပါး။

၂။ ည လမ်းလျှောက်မှု၌ အဖော်သဟဲရခြင်း တပါး။

၃။ သဘင်ပွဲလမ်းကို လိုက်ကြားမှု၌ အဖော်သဟဲရခြင်း တပါး။

၄။ အလောင်းအစား ကစားမှု၌ အဖော်သဟဲရခြင်း တပါး။

သည်ကိုရည်၍—

* **ယစ်မျိုးသောက်ခန်း၊ လမ်းလျှောက်ခန်း၊ ပွဲလမ်းတဣာန။**

* **ကစားမှုဝယ်၊ မိတ်ဖော်နွယ်၊ အပါယ်သဟာယ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အသက်ထက်ဆုံး ဝေးစွာ ကြဉ်ရှောင်ရာသော
မိတ်ဆိုး, မိတ်တု ၄ ပါး ပြီး၏။

---

**(၃။ ကျော်ညွှန်နှင့်အပေါင်းအသင်း)**

www.dhammaransi.com



## မိတ်ကောင်း-မိတ်စစ် ၄-ယောက်

[မိတ်ဆိုး ၄ ပါးနှင့် စပ်လျဉ်း၍ အသက်သက်ဆုံး မခွဲမကွာ ပေါင်းဖော်ရာသော မိတ်ကောင်း မိတ်စစ် ၄ ပါးကို ဟောတော်မူ၏။]

၁။ **သမာနသုခဒုက္ခမိတ်**=ချမ်းသာအတူ, ဆင်းရဲအတူ ဆင်းရဲဖော် ချမ်းသာဖက်ဖြစ်သော အဆွေခင်ပွန်း။

၂။ **အတ္ထက္ခာယီမိတ်**=မကောင်းမြစ်တာ ကောင်းရာပြညွှန်းသော အဆွေခင်ပွန်း။

၃။ **အနုကမ္ပကမိတ်**=အခါခပ်သိမ်း မိမိကို ရင်ဝယ် သားကဲ့သို့ သနားညှာတာခြင်းရှိသော အဆွေခင်ပွန်း။

၄။ **ဥပကာရမိတ်**=မိမိအား ကျေးဇူးပြုသမားကြီး သက် သက် ဖြစ်သော အဆွေခင်ပွန်း။

သည်ကိုရည်၍—

* **ပြုမိတ်, တူမိတ်၊ ဆရာမိတ်၊ ညှာမိတ် မိတ်စစ်လေး။**

* **ချစ်ဖော်မိတ်ဆွေ၊ ဤလေးထွေ၊ မကွေပေါင်းဖို့ရေး။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[ဤမိတ်ကောင်းမိတ်စစ် ၄ ယောက်တို့၏ လက္ခဏာကိုလည်း အကျယ် ဟောတော်မူ၏။]

---

### ၁။ သမာန သုခဒုက္ခမိတ်၏လက္ခဏာ ၄-ပါး

၁။ သူ၏ လျှို့ဝှက်အပ်သော အမှုကို မိမိ၌ လျှို့ဝှက်ခြင်း တပါး။

၂။ မိမိလျှို့ဝှက်အပ်သောအမှုကို သူတပါးတို့မသိရအောင် လျှို့ဝှက်ခြင်း တပါး။

၃။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်း တပါး။

၄။ သူ့အသက်ကိုပင် စွန့်၍ မိမိအကျိုးကို ရွက်ဆောင် ခြင်း တပါး။

သည်ကိုရည်၍—

* **လျှို့ဝှက်မရှိ၊ လျှို့ဝှက်ဘိ၊ ဘေးရှိမစွန့်လေ။**

* **မိဘ်အဘွက်မှန်၊ သက်မချန်၊ ဤသမာန်မိတ်ကြီးပေ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်၊

www.dhammaransi.com



### ၂။ အတ္ထက္ခာယီမိတ်၏ လက္ခဏာ ၄-ပါး

၁။ မကောင်းမှုကို မပြုရအောင် တားမြစ်ခြင်းတပါး။

၂။ ကောင်းမှု၌ တည်စေခြင်းတပါး။

၃။ မကြားဘူး, မသိဘူးသေးသော အရာကို ကြားဖို့, သိဖို့ရာ ဟောကြားခြင်းတပါး။

၄။ ဒါန,သီလ အစရှိသော နတ်ရွာ လမ်းကြောင်းကို ညွှန်ပြခြင်းတပါး။

သည်ကိုရည်၍—

* **မကောင်းမြစ်တား၊ ကောင်းရာထား၊ ဟောကြားသိဖို့ရာ။**

* **နတ်လမ်းပြညွှန်၊ ဤလေးတန်၊ အမှန် အတ္ထက္ခာ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

### ၃။ အနုကမ္ပကမိတ်၏ လက္ခဏာ ၄-ပါး

၁။ မိမိ၌ အကျိုးစီးပွား မဖြစ်ထွန်းလျှင် သူ မနှစ်သက်နိုင်ခြင်း, စိုးရိမ်ပူပန်ခြင်းတပါး။

၂။ မိမိ၌ အကျိုးစီးပွားဖြစ်ထွန်းလျှင် သူ နှစ်သက်ခြင်း,စိတ်အလို ပြည့်ဖြိုးခြင်းတပါး။

၃။ မိမိ၏ ကျေးဇူးမဲ့ကို သူတပါးပြောဆိုလျှင် တားမြစ်ခြင်းတပါး။

၄။ မိမိ၏ ဂုဏ်ကျေးဇူးကို သူတပါးပြောကြားလျှင် ပြောပသူကို ချီးမွမ်းခြင်းတပါး။

သည်ကိုရည်၍—

* **မပွားလျှင်စိုး၊ ပွားလျှင်ဖြိုး၊ ကျိုးမဲ့ပြောမခံ။**

* **အကောင်းပြောလျှင်၊ မနော ရွှင်၊ မိတ်သင်အနုကံ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

www.dhammaransi.com



## ၄။ ဥပကာရမိတ်၏လက္ခဏာ ၄-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ် ရှိသောအခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်းတပါး။
၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာပျက်စီးဖွယ်ရှိသောအခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတပါး။
၃။ ကြောက်လန့်ခြင်းရှိသောအခါ ကိုးကွယ်ရာဖြစ်ခြင်းတပါး။
၄။ ကိစ္စကြီးငယ် ရှိသောအခါ သူကပြုဖူးသော ကျေးဇူးမှုထက် ၂-ဆပိုမို၍ ကျေးဇူးပြုခြင်းတပါး။

သည်ကိုရည်၍-

* **အသက်ဥစ္စာ၊ စောင့်ရှောက်လာ၊ ကြောက်ခါကယ်ဖေ်ရ။**

* **ကူဖွယ်ရှိမူ၊ တပိုးကူ၊ စင်ဖြူဥပကာရ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

ဤတွင်ရွေ့ကား အိမ်၌နေသူ လူ-ဂဟဋ္ဌအပေါင်းတို့အား သူကောင်းစင်စစ်ဖြစ်ဖို့အမှန် ကြည်ရှောင်ရန် တရား ၁၄-ပါး တို့ ကို ထုတ်ဖော်ပြဆိုခန်းပြီး၏။

မိတ်ကောင်း မိတ်စစ် ၄ ယောက် ငြီး၏။

---

## အရပ်ဒိသာ ၆ မျက်နှာ

၁။ အမိ, အဘ ၂-ပါးတို့သည် ပုဗ္ဗဒိသာ အရှေ့အရပ် မျက်နှာ မည်ကုန်၏။
၂။ အတတ်ပညာ သင်ကြားသော ဆရာသည် ဒက္ခိဏ ဒိသာ တောင်အရပ်မျက်နှာ မည်၏။
၃။ အိမ်သူမယား, သမီး, သားတို့သည် ပစ္ဆိမဒိသာ အနောက် အရပ်မျက်နှာ မည်ကုန်၏။
၄။ မွေးချင်းပေါက်ဖော် ဆွေမျိုးညာတိ မိတ်ဆွေခင်ပွန်း တို့သည် ဥတ္တရဒိသာ မြောက်အရပ်မျက်နှာ မည်ကုန်၏။
၅။ ကျေးကျွန်အမှုလုပ်တို့သည် ဟေဋ္ဌိမဒိသာ အောက်အရပ်မျက်နှာ မည်ကုန်၏။

www.dhammaransi.com



၆။ အကျင့်သီလ နှင့် ပြည့်စုံကြကုန်သော ရသေ့, ရဟန်း တို့သည် ဥပရိမဒိသာ အထက်အရပ်မျက်နှာ မည်ကုန်၏။

သည်ကိုရည်၍—

* မာတာပိတာ၊ ရှေ့ဒိသာ၊ ဆရာတောင်ရပ်ခြား။

* သားမယားလျှင်၊ အနောက်ခွင်၊ မိတ်သင်မြောက်အလား။

* ကျွန်ကျေးအောက်ဟူ၊ အထက်မူ၊ သူမြတ်ရဟန်းပုဏ္ဏား။

* အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံ့စွာပိတ်ဆို့ထား။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အရပ်ဒိသာ ၆ မျက်နှာ ပြီး၏။

---

## အရပ်ဒိသာ ၆ မျက်နှာကို ရှိသေစွာရှိခိုးမှု

### သားသမီးတို့ကပြုရသော ဝတ် ၅–ပါး

၁။ ကျွေးမွေးတုံ့ ကျွေးမွေးလှည့် ကျွေးမွေးရခြင်း တပါး။

၂။ မိ,ဘတို့၌ ဆိုက်တိုက်၍လာသော မင်းရေးစိုးခွင့် စသည်တို့ကို မိမိကိစ္စပြု၍ ဆောင်ရွက်ရခြင်းတပါး။

၃။ အမျိုးအနွယ်အားဖြင့် အစဉ်လာသော ဒါနဝတ်, သီလဝတ် အစရှိသော အလှူကောင်း, အကျင့်ကောင်း, အရိုးကောင်း, အစဉ်ကောင်းတို့ကို မပျက်စေရခြင်း တပါး။

၄။ လောကီမွေ့,ဓမ္မမွေ့တို့ကို ကောင်းစွာခံယူရခြင်းတပါး။

၅။ သေလွန်သော မိ,ဘ တို့ကို ရည်မှတ်၍ လှူဒါန်းပြီးလျှင် သေလွန်သော မိ,ဘ တို့အား ကုသိုလ်အဖို့ကို ဝိသေသ ထုတ်ဖော်၍ ပေးဝေရခြင်း တပါး။

သည်ကိုရည်၍—

* မွေးတုံ့မွေးမှု၊ ပြုပွယ်ပြု၊ ကုလမျိုးနွယ်တည်။

* ဆက်ခံအမွေ၊ သေလွန်ပေ၊ မျှဝေ[illegible]

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

၁၇၂၄၇

www.dhammaransi.com



## မိဘတို့ကပြုရသော၀တ် ၅-ပါး

၁။ ငယ်ရွယ်စဉ်ကစ၍ မကောင်းမှု ဒုစရိုက်တို့ကို မပြုမကျင့်ရအောင် တားမြစ်ရခြင်းတပါး။

၂။ ငယ်ရွယ်စဉ်ကစ၍ မိ,ဘကို ရိုသေခြင်း အစရှိသော ကောင်းသော အလိမ္မာတို့၌ တည်စေရခြင်းတပါး။

၃။ အပြစ်မရှိသော အတတ်တို့ကို သင်ကြားစေရခြင်း တပါး။

၄။ အမျိုးကောင်း, အနွယ်ကောင်း သား, သမီးတို့နှင့် ထိမ်းမြား မင်္ဂလာပြုရခြင်း တပါး။

၅။ အချိန်အခါကိုထောက်၍ အမွေဥစ္စာကို အပ်နှင်းရခြင်းတပါး။

သည်ကိုရည်၍—

* **မကောင်းမြစ်တား၊ ကောင်းရာထား၊ သင်ကြားတတ်ပညာ။**

* **လျော်ရာအိမ်ပေး၊ အမွေပေး၊ ကျင့်ရေး၀တ်ငါးဖြာ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

## တပည့်တို့ကပြုရသော ၀တ် ၅-ပါး

၁။ မိမိရှိရာသို့ ဆရာလာသည်ကိုမြင်လျှင် ရှေးဦးစွာ နေရာမှထ၍ ဆရာကို ကြိုဆို၍ ထီး, ဖိနပ် စသည်ကိုယူ၍ နေရာထိုင်ခင်းပေးခြင်း, အိုက်ပူသောအခါဖြစ်ခဲ့လျှင် ယပ်လေခတ်ရခြင်းတပါး။

၂။ တနေ့လျှင် ၃-ကြိမ် ဆရာ၏အနီး အပါး၌ ခစားရခြင်း တပါး။

၃။ ဆရာ၏ထံမှ ဆုံးမသွန်သင်သော စကားတို့ကို ကြားနာလိုခြင်း တပါး။

၄။ သာလျှင်သာလိုက် - နာလျှင်နာလိုက် ချီးရေ, သောက်ရေ, မျက်နှာသစ်ရေ, ဒန်ပူ စသည်တို့ဖြင့် လုပ်ကျွေးရခြင်း တပါး။

www.dhammaransi.com



၅။ မတတ်သေးသည်ကို တတ်ရအောင်, တတ်ပြီးသည်ကိုမပျောက်စေရအောင် အတတ်ပညာကို ရှိသေစွာ သင်ကြားခြင်း တပါး။

သည်ကိုရည်၍—

* ထကြွ,ခစား၊ ကြားနာ, လုပ်ကျွေး၊ သင်အံမေး၊ ကျင့်ရေး ဝတ်ငါးဖြာ။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

**သင်အံမေး**—ဆိုသည်ကား သင်ခြင်း, အံခြင်း, ဆွေးနွေး မေးမြန်းခြင်းကို ပြုရမည် ဆိုလိုသည်။

---

ဆရာသမားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ လောကရေး, ဓမ္မရေးတို့၌ အပြုအမူ, အပြောအဆို, အချိုးအစား,ကျနယဉ်ကျေးရှိအောင် သွန်သင်ဆုံးမခြင်း တပါး။

၂။ လောက ဗဟုသုတ, ဓမ္မ ဗဟုသုတ အမျိုးမျိုးတို့၌ ကြားဖူးနားဝရှိအောင် မိမိအန်းအနားသို့ ရောက်လာတိုင်း ဆုံးမသင်ကြား မှတ်သားစေရခြင်းတပါး။

၃။ အရာတတ်သိသော အတတ်ပညာကို ဆရာစားမချန် အကုန်အစင် သင်ကြားပြသခြင်း တပါး။

၄။ တတ်မြောက် လိမ္မာရှိသောအခါ၌ မိ, ဘ, မျိုး ဆွေ တို့ အား သူတတ်သမျှကို ဖော်ပြ၍ အပ်နှင်းခြင်းတပါး။

၅။ တပည့်တပန်းတို့အား အသက်ထက်ဆုံး ရောက် လေ့ ရာ တို့ ၌ အန္တရာယ်ကင်းရှင်းစေရန် မန္တန်, မန္တရား, ဆေးဝါးအလျော် ပရိတ်တော်,ဂုဏ်တော်များကို အသက်ထက်ဆုံး စွဲမြဲကြစေရန် သင်ကြားခြင်းတပါး။

[အန္တရာယ်ကင်း ပရိတ်တော်, ဂုဏ်တော်များကို နောက်မှ ပြဆိုအံ့။]

www.dhammaransi.com



သည်ကိုရည်၍—

* **ယဉ်ကျေးစေမှု၊ မှတ်စေမှုနှင့်၊ တတ်မှုမချန်၊ ပြန်၍ဆောင်နှင်း၊ ဘေးကင်းစေမှု၊ ဝတ်ငါးခု၊ ပြုလေမြဲတ်ဆရာ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

### လင်ယောကျ်ားတို့က ပြုရာသော ဝတ် ၅-ပါး

၁။ မင်း, ကွယ်, ကျုပ်, အမိ, အစ်မ အစရှိသည်ဖြင့် ချိုးချိုးပပ ချိုမြသာယာစွာ ခေါ်ဝေါ်ပြောဆိုလေ့ရှိခြင်း တပါး။

၂။ နင်, ဟယ်, ငါ, မိမည်သူ, မိမည်ဝါ အစရှိသဖြင့် ရိုင်းစိုင်းစွာ မခေါ် မပြောရခြင်း, မလေးမစား မပြုရခြင်း တပါး။

၃။ သူ မကြည်မြူရာ သူမှတပါး မသွားမလာရခြင်း တပါး။

၄။ ရရှိသမျှ စည်းစိမ်ဥစ္စာ အိပ်ရာခမ်းနား တို့အပေါ်၌ အစိုးတရ ပြုလုပ်နိုင်သောအခွင့်ကို ပေးရခြင်း တပါး။

၅။ မိမိအခြေအနေ အားလျော်စွာ အိမ်သူသားမယား၌ ဝတ်စားတန်းဆာတို့ကို မညှိုးမနွမ်းရအောင် ဆင်ယင်ရခြင်း တပါး။

သည်ကိုရည်၍—

* **မပေါ့စားမှု၊ နာဖွယ်မှုနှင့်၊ သူ့ကိုမကျူး၊ စိုးမှူးလွှဲထား၊ ဝတ်စားဆင်ယင်၊ ဤငါးအင်၊ လင်တို့ပြုစမြဲ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

### အိမ်သူမယားတို့က ပြုရာသော ဝတ် ၅–ပါး

၁။ အိမ်တွင်းကိစ္စဟူသမျှတို့၌ မလစ်မလပ် စေ့စပ်တွင်ကျယ်သော လုံ့လဝီရိယရှိခြင်းတပါး။

၂။ အိမ်ရှိ အခြွေအရံပရိသတ်တို့၌ အပြုအစု အမူအရ ကောင်းခြင်း တပါး။

၃။ မိမိအိမ်ရှင်လင်ယောကျ်ားမှ တပါးသော သူတို့၌ စိတ်မနှောမျှ မကျူးလွန်ခြင်းတပါး။

www.dhammaransi.com



၄။ အိမ်ရှိပစ္စည်းဥစ္စာတို့ကို အထိန်းအသိမ်းကောင်းခြင်းတပါး။

၅။ မိန်းမတို့ဆိုင်ရာ အမှုခပ်သိမ်းတို့၌ အစေ့အစပ် တတ်သိလိမ္မာခြင်း, အပျင်းအရိမရှိခြင်း တပါး။

သည်ကို ရည်၍—

* **အိမ်ရေးတွင်ကျယ်၊ အိမ်ဝယ်လူပေါင်း၊ ကောင်းသားပြုအင်၊ စင်ကြယ်သီလ၊ ဓနစောင့်ထိန်း၊ မပြိန်းမပျင်း၊ အရင်းတရား၊ ဝတ်ငါးပါး၊ မယားပြုစမြဲ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

## အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရသော ဝတ် ၅-ပါး

၁။ အခါအခွင့်အားလျော်စွာ ကျွေးမွေးပေးကမ်းခြင်း တပါး။

၂။ ချစ်ဖွယ် ကြင်ဖွယ်သော ခေါ်မှု,ပြောမှုရှိခြင်း တပါး။

၃။ သူတို့အကျိုးကို ရှိးဖြောင့်သော စိတ်နှလုံးဖြင့် ကောင်းစွာကျင့်ခြင်းတပါး။

၄။ သူတို့အပေါ်၌ ဂုဏ်မလုပ်မူ၍ ကိုယ်တူ, ကိုယ်မျှပြုခြင်းတပါး။

၅။ မိမိကိုပုံ ယုံသည့်အတွက်ကြောင့် အဘယ်အမှု ချွတ်ယွင်းသည်, အဘယ်အကျိုး ပျက်ကွက်သည် ဟူ၍ မရှိစေခြင်း တပါး။

သည်ကိုရည်၍—

* **ပေးဝေမျှတ၊ ပိယနှုတ်ချို၊ ကျိုးလိုကျင့်မူ၊ ကိုယ်တူပြုခြင်း၊ မချွတ်ယွင်းစေ၊ ဤငါးထွေ၊ မိတ်ဆွေကျင့်ဝတ်မျိုး။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

## အဆွေခင်ပွန်းတို့က ပြုရသော ဝတ် ၅-ပါး

၁။ မေ့လျော့လျက် အသက်ခန္ဓာကို စိုးရိမ်ဖွယ် ရှိသော အခါ အသက်ခန္ဓာကို စောင့်ရှောက်ခြင်း တပါး။

(၄။ ကျော်ညွန့်နှင့်အပေါင်းအသင်း)

www.dhammaransi.com



၂။ မေ့လျော့လျက် စည်းစိမ်ဥစ္စာ ပျက်စီးဖွယ် ရှိသော အခါ စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတပါး။

၃။ ကြောက်လန့်ခြင်း ရှိသောအခါ ကိုးကွယ်ရာ ဖြစ်ခြင်းတပါး။

၄။ ဘေးတွေ့သောအခါ မိမိကို မစွန့်ခြင်း တပါး။

၅။ သူ၏သား,မြေးစဉ်ဆက်တို့ကို အဆွေခင်ပွန်းဖြစ်သူတို့က ချီးပမ့ ပြုခြင်းတပါး။

သည်ကိုရည်၍–

* အသက်, ဥစ္စာ၊ နှစ်ဖြာစောင့်ရှောက်၊ ကြောက်လျှင်ကြပ်မ၊ တူကွဘေးတွင်၊ သား၀ဉ်, မြေးဆက်၊ မြတ်နိုးချက်၊ မိတ်ဖက် ၀တ်ငါးမျိုး။

ဟူ၍ စပ်ဆိုခဲ့ပေသည်။

[တူကွဘေးတွင် ဆိုသည်ကား-ဘေးရှိသောအခါ မစွန့်သည်ကို ဆိုသည်။]

---

အရှင်ဖြစ်သူက ပြုရသော ၀တ် ၅-ပါး

၁။ ပြုလုပ်သူတို့၏ အင်အားနှင့် တိုင်းတာ၍ အလုပ်အကိုင်ကို စီရင်ခြင်းတပါး။

၂။ ထိုက်တန်လောက်အောင် ထမင်းရိက္ခာ အဖိုးအခ ကျွေးမွေး ပေးကမ်းခြင်းတပါး။

၃။ မကျန်းမမာရှိသောအခါ ကောင်းမွန်စွာပြုစုခြင်း တပါး။

၄။ အစားကောင်း, အသောက်ကောင်း အထူးတလည် ရရှိသော အခါ သူတို့ကို ကြည်ဖြူစွာ ဝေငှခြင်း တပါး။

၅။ အချိန်နာရီ နှင့် လုပ်ကိုင်စရာ အချိန် နာရီ ကျရောက် လျှင် အလုပ်မှလွှတ်ခြင်း၊ ဥပုသ် သီတင်းနေ့, ပွဲလမ်းသဘင်နေ့တို့၌ နေ့လွှတ်ပြု၍ သုံးဖွယ်, စားဖွယ်ပေး၍ လွှတ်ခြင်း၊ အသက်, အရွယ် ကြီးရင့်သောအခါ အငြိမ်းစား ကျွေးမွေး၍ ထားခြင်း တပါး။

www.dhammaransi.com



သည်ကိုရည်၍—

* **အားတန်ခိုင်းစေ၊ ကျေအောင် ပေးကျွေး၊ နာရေး ပြုငြား၊ အစားကောင်းမျှ၊ လွှတ်သင့်ကလွှတ်၊ ကျင့်ဝတ်တရား၊ ဤငါးပါး၊ မှတ်သားအရှင့်ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

## ကျွန်အမှုလုပ်တို့က ပြုရသော ဝတ် ၅-ပါး

၁။ နံနက်စောစော၌ အရှင်မထမီ ရှေးဦးစွာ ထ၍ အရှင့်ဝတ်ပြုခြင်းတပါး။

၂။ အိပ်ရာဝင်သောအခါ အရှင်၏ဝတ်နိဗဒ်ကို ပြုပြီး၍ နောက်မှ အိပ်ခြင်းတပါး။

၃။ အရှင့် ဥစ္စာကို မျက်မှောက်, မျက်ကွယ်တို့၌ ပေးမှ ယူခြင်းတပါး။

၄။ အလုပ်အကိုင် ကောင်းခြင်းတပါး။

၅။ အရှင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလေ့ရှိခြင်းတပါး။

သည်ကိုရည်၍—

* **အယင်ထမြောက်၊ နောက်မှအိပ်နေ၊ ပေးမှလည်းယူ၊ ပြုမှုကောင်းတုံ၊ ဂုဏ်ကို ပြောကြား၊ ဤငါးပါး၊ မှတ်သားကျွန်တို့ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

## ဒါယကာတို့က ပြုရသော ဝတ် ၅-ပါး

၁။ ရသေ့, ရဟန်းတို့အား မေတ္တာနှင့် ယှဉ်သော ကာယကံဝတ်နိဗဒ်ကို ပြုခြင်းတပါး။

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံစကားကို ပြောဆိုခြင်းတပါး။

၃။ မေတ္တာနှင့်ယှဉ်သော မနောကံမှုကို ပွားများခြင်းတပါး။

၄။ ဘယ်အခါမဆို မိမိအိမ်သို့ ဝင်ပါ၊ အလိုရှိရာ ပြောဆိုပါဟု ဖိတ်ကြားခြင်းတပါး။

www.dhammaransi.com



၅။ ပဉ္စသီလ ၄-ပါးတို့ဖြင့် ထောက်ပံ့လှူဒါန်း ပေးကမ်း ကျွေးမွေး ခြင်းတပါး။

သည်ကိုရည်၍—

* **မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊ ငါးသင်း လှူတို့ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

ရသေ့ ရဟန်းတို့က ပြုရသော ဝတ် ၆-ပါး

၁။ မကောင်းမှုကို မပြုရအောင် ဆုံးမမြစ်တားခြင်းတပါး။

၂။ ဒါန, သီလ, ဥပေါသထ အစရှိသော ကောင်းမှုတို့၌ တည်စေခြင်းတပါး။

၃။ လူတို့၌ ကရုဏာတရားဖြင့် သနားစိတ် ကောင်းစွာ တည်ခြင်း တပါး။

၄။ မနာမကြားဖူးသေးသော တရားကို ကြားနာစေခြင်းတပါး။

၅။ ကြားနာဖူးသော တရားစကားကို အထူး ပွင့်လင်းအောင် ထပ်မံ၍ ပြောဟောခြင်းတပါး။

၆။ ဒါန,သီလ စသော နတ်ရွာလမ်းကို ညွှန်ပြခြင်း တပါး။

သည်ကိုရည်၍—

* **မကောင်း မြစ်တား၊ ကောင်းရာ ညွှန်ကြား၊ သနားစိတ်နူး၊ မကြားဖူးက၊ ပြသညွှန်သင်၊ ကြားဖူးလျှင်မူ၊ ချဲ့ထွင်ခွဲခြမ်း၊ နတ်လမ်းရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်းရှင်တို့ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

**အရပ်ဒိသာ ၆-မျက်နှာတို့ကို ရှိသေစွာ ရှိခိုးမှု—ဆိုသည်ကား** အမျိုး ကောင်းသား ဖြစ်သူသည် ဤ ၆-မျိုးသော သူတို့၌ မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗဒ်တို့ကို ကျေလည်အောင် ပြုရသည်။

www.dhammaransi.com



ဤသို့ ပြုသည်ကို ရည်၍ "အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးရစ်လော့-" ဟု သိင်္ဂါလလုလင်အား အဘပုဏ္ဏား အဆုံးစကား မှာကြားခဲ့ပေသည်။

မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗဒ်တို့ကို ကြေလည်အောင် ပြုမှုသည် အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးခြင်းလည်း မည်၏၊ အရပ် ဒိသာ ၆-မျက်နှာတို့ကို လုံခြုံစွာ ပိတ်ဆို့ထားခြင်းလည်း မည်၏။

ထို့ကြောင့်....

* **အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာပိတ်ဆို့ထား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

**ပိတ်ဆို့ထား**-ဆိုသည်ကား.... အရပ်ဒိသာ ၆-မျက်နှာတို့မှ အတ္တာ နုဝါဒဘေး, ပရာနုဝါဒဘေးတို့ မိမိထံသို့ မလာရအောင် ပိတ်ဆို့ထား မှုတည်း။

သား, သမီးတို့သည် မိဘတို့၌ ၅-ပါးသော ဝတ်တို့ကို မပြုကုန် ငြားအံ့၊ အမိအဘ ဟူသော အရှေ့အရပ်မျက်နှာသည် ဟာလာ ဟင်းလင်း ဖြစ်၏။ ထိုအခါ ထိုအရပ်မျက်နှာမှ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး ၂-ပါးသည် ထို သား,သမီးတို့သို့ ဝင်ရောက်၍ ဘေးသင့်၏။

၅-ပါးသော ဝတ်ကို ပြုကုန်သော သား,သမီးတို့အား ထို အရပ် မျက်နှာသည် လုံခြုံ၏၊ အမိ,အဘတို့နှင့် စပ်သော ဘေး ၂-ပါးသည် ထို သား,သမီးတို့သို့ မရောက်ပြီ၊ ဘေးကင်း၏၊ ထို့ကြောင့် ဝတ်ပြုမှုကို ပိတ်ဆို့ထားမှုဟု ဆိုသတည်း။

၁။ **အတ္တာနုဝါဒဘေး**-ဆိုသည်ကား ငါမပြုခဲ့လေခြင်း-ဟု မိမိ ကိုယ်ကို မိမိ စွပ်စွဲသောဘေးတည်း။

၂။ **ပရာနုဝါဒဘေး**-ဆိုသည်ကား.... လောက၌ လူပညာရှိ, ရှင် ပညာရှိတို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ်,အိမ်စောင့်နတ်,မြို့စောင့် နတ်,ရွာစောင့်နတ်,သာသနာစောင့်နတ်,လောကပါလနတ် တို့သည်လည်း ကောင်း၊ ထို သား,သမီးများကို ကဲ့ရဲ့ကြကုန်၏။ ဤသို့ သူတပါးတို့၏ ကဲ့ရဲ့ခြင်းသည် ပရာနုဝါဒဘေး မည်၏။

www.dhammaransi.com



၅။ ပန္နည်း ၄-ပါးတို့ဖြင့် ထောက်ပံ့လူဒါန်းပေးကမ်း ကျွေးမွေးခြင်းတပါး။

သည်ကိုရည်၍-

* **မေတ္တာသုံးပါး၊ တံခါးဟင်းလင်း၊ ကျွေးမွေးခြင်း၊ ငါးသင်းလူတို့ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

---

ရသေ့ ရဟန်းတို့က ပြုရသော ဝတ် ၆-ပါး

၁။ မကောင်းမှုကို မပြုရအောင် ဆုံးမမြစ်တားခြင်းတပါး။

၂။ ဒါန, သီလ, ဥပေါသထ အစရှိသော ကောင်းမှုတို့၌ တည်စေခြင်းတပါး။

၃။ လူတို့၌ ကရုဏာတရားဖြင့် သနားစိတ် ကောင်းစွာ တည်ခြင်းတပါး။

၄။ မနာမကြားဖူးသေးသော တရားကို ကြားနာစေခြင်းတပါး။

၅။ ကြားနာဖူးသော တရားစကားကို အထူး ပွင့်လင်းအောင် ထပ်မံ၍ ပြောဟောခြင်းတပါး။

၆။ ဒါန,သီလ စသော နတ်ရွာလမ်းကို ညွှန်ပြခြင်း တပါး။

သည်ကိုရည်၍-

* **မကောင်း မြစ်တာ၊ ကောင်းရာ ညွှန်ကြား၊ သနားစိတ်နူး၊ မကြားဖူးက၊ ပြသသွန်သင်၊ ကြားဖူးလျှင်မူ၊ ချဲ့ထွင်ခဲ့ခြိမ့်၊ နတ်လမ်းရှင်းလင်း၊ ဖော်ပြခြင်း၊ ခြောက်သင်းရှင်တို့ဝတ်။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

အရပ်ဒိသာ ၆-မျက်နှာတို့ကို ရိုသေစွာ ရှိခိုးမှု—ဆိုသည်ကား အမျိုးကောင်းသား ဖြစ်သူသည် ဤ ၆-မျိုးသော သူတို့၌ မိမိ၏ သက်ဆိုင်ရာဝတ်နိဗဒ်တို့ကို ကျေလည်အောင် ပြုရသည်။

www.dhammaransi.com



ဤသို့ ပြုသည်ကို ရည်၍ "အရပ်ဒိသာ ၆–မျက်နှာတို့ကို ရိုသေစွာ ရှိခိုးရစ်လော့–" ဟု သိင်္ဂါလလုလင်အား အဘပုဏ္ဏား အဆုံးစကား မှာကြားခဲ့ပေသည်။

မိမိ၏ သက်ဆိုင်ရာ ဝတ်နိဗ္ဗဒ်တို့ကို ကြေလည်အောင် ပြုမှုသည် အရပ်ဒိသာ ၆–မျက်နှာတို့ကို ရိုသေစွာ ရှိခိုးခြင်းလည်း မည်၏၊ အရပ် ဒိသာ ၆-မျက်နှာတို့ကို လုံခြုံစွာ ပိတ်ဆို့ထားခြင်းလည်း မည်၏။

ထို့ကြောင့်....

* **အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာပိတ်ဆို့ထား။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

**ပိတ်ဆို့ထား**–ဆိုသည်ကား.... အရပ်ဒိသာ ၆–မျက်နှာတို့မှ အတ္တာ နုဝါဒဘေး, ပရာနုဝါဒဘေးတို့ မိမိထံသို့ မလာရအောင် ပိတ်ဆို့ထား မှုတည်း။

သား, သမီးတို့သည် မိဘတို့၌ ၅–ပါးသော ဝတ်တို့ကို မပြုကုန် ငြားအံ့၊ အမိအဘ ဟူသော အရှေ့အရပ်မျက်နှာသည် ဟာလာ ဟင်းလင်း ဖြစ်၏။ ထိုအခါ ထိုအရပ်မျက်နှာမှ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး ၂–ပါးသည် ထို သား,သမီးတို့သို့ ဝင်ရောက်၍ ဘေးသင့်၏။

၅–ပါးသော ဝတ်ကို ပြုကုန်သော သား,သမီးတို့အား ထို အရပ် မျက်နှာသည် လုံခြုံ၏၊ အမိ,အဘတို့နှင့် စပ်သော ဘေး ၂–ပါးသည် ထို သား,သမီးတို့သို့ မရောက်ပြီ၊ ဘေးကင်း၏၊ ထို့ကြောင့် ဝတ်ပြုမှုကို ပိတ်ဆို့ထားမှုဟု ဆိုသတည်း။

**၁။ အတ္တာနုဝါဒဘေး**–ဆိုသည်ကား ငါမပြုခဲ့လေခြင်း–ဟု မိမိ ကိုယ်ကို မိမိ စွပ်စွဲသောဘေးတည်း။

**၂။ ပရာနုဝါဒဘေး**– ဆိုသည်ကား.... လောက၌ လူပညာရှိ, ရှင် ပညာရှိတို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ်,အိမ်စောင့်နတ်,မြို့စောင့် နတ်,ရွာစောင့်နတ်,သာသနာစောင့်နတ်,လောကပါလနတ် တို့သည်လည်း ကောင်း၊ ထို သား,သမီးများကို ကဲ့ရဲ့ကြကုန်၏။ ဤသို့ သူတပါးတို့၏ ကဲ့ရဲ့ခြင်းသည် ပရာနုဝါဒဘေး မည်၏။

www.dhammaransi.com



အတ္တာနုဝါဒဘေးနှင့် သေလွန်လျှင် အပါယ်ငရဲ မြဲ၏။ ပရာနုဝါဒဘေးအတွက် လူသူတော်ကောင်း, ရှင်သူတော်ကောင်း, နတ်သူတော်ကောင်းတို့၏ အလယ်၌ အရုပ်ပျက်၏၊ လူရာမဝင် ရှိ၏၊ အလောင်းအလျာမျိုးမှ အပဖြစ်၏။

ဆရာသမားတို့၌ ဝတ်နိဗဒ်ကို မပြုလျှင် တောင်မျက်နှာ ဟာ၏။ တောင်မျက်နှာမှ ဘေး ၂-ပါး လာ၏။

သား,မယားတို့၌ ဝတ်နိဗဒ်မပြုလျှင် အနောက်မျက်နှာ ဟာ၏။ အနောက် မျက်နှာမှ ဘေး ၂-ပါးနှင့်တကွ ဒုက္ခမျိုးစွာ လာတတ်၏။

မိတ်ဆွေခင်ပွန်းတို့၌ ဝတ်နိဗဒ် မပြုလျှင် မြောက်မျက်နှာ ဟာ၏။ အကြောင်းကိစ္စရှိသောအခါ ကိုးကွယ်ရာမဲ့ ဖြစ်တတ်၏။

ကျေးကျွန်အမှုလုပ်ဖို့၌ ဝတ်နိဗဒ်ကို မပြုလျှင် အောက်မျက်နှာ ဟာ၏။ စီးပွားရေး ပျက်ကွက်တတ်၏။

ရသေ့, ရဟန်းတို့၌ ဝတ်နိဗဒ်ကို မပြုလျှင် အထက်မျက်နှာ ဟာ၏။ အပါယ်ငရဲ၌ အနစ်ကြီးနစ်၍ သွားတတ်၏။

ဆိုအပ်ပြီးသော ဝတ်တို့ကို ပြုကြကုန်သော သူတို့အား အရပ် ၆-မျက်နှာ လုံခြုံ၏။ ထိုဘေးစု မဝင်နိုင်ရှိ၏၊ ဘေးကင်း၏၊ လူ့အလယ်, နတ်အလယ်၌ တင့်တယ်၏၊ အလောင်းအလျာမျိုး၌ ပါဝင်၏၊ ပစ္စုပ္ပန်, သံသရာလမ်း ဖြောင့်၏၊ မဂ်စခန်း, ဖိုလ်စခန်း နီး၏။

အရပ်ဒိသာ ၆ မျက်နှာကို ရှိသေစွာ ရှိခိုးမှု ပြီး၏။

---

ဒုစရိုက် ၁၀-ပါး

၁။ **ပါဏာတိပါတ**=သူ့အသက်ကို သတ်ခြင်းတပါး။

၂။ **အဒိန္နာဒါန**=သူ့ဥစ္စာကို ခိုးခြင်းတပါး။

၃။ **ကာမေသုမိစ္ဆာစာရ**=ကာမဂုဏ် အမှုတို့၌ မှောက်မှားသော အကျင့်တပါး။

၄။ **မုသာဝါဒ**=မဟုတ်မမှန်စကား ပြောခြင်း တပါး။

၅။ **ပိသုဏာဝါစာ**=ကုန်းတိုက်စကား ပြောခြင်း တပါး။

www.dhammaransi.com



၆။ ဖရုသဝါစာ=အကြမ်းအတမ်းဆဲရေးခြင်းတပါး။

၇။ သမ္ဖပ္ပလာပ=အကျိုးမရှိ ပြိန်ဖျင်းသော ဒဏ္ဍာရီစကားမျိုးကို ပြောလေ့ရှိခြင်းတပါး။

၈။ အဘိဇ္ဈာ=သူ့ပိုင်နက်ကို ငါ့ပိုင်နက်ဖြင့်လျှင် ကောင်းလေစွဟု တောင့်တခြင်းတပါး။

၉။ ဗျာပါဒ=သူ့အသက်ခန္ဓာကို ပျက်စီးစေလိုခြင်းတပါး။

၁၀။ မိစ္ဆာဒိဋ္ဌိ=ကံ, ကံ၏ အကျိုးကို ပယ်ရှား၍ မှားသော အယူ ရှိခြင်း တပါး။

သည်ကိုရည်၍—

* သက်သတ်, ခိုးဝှက်၊ အိမ်ရာပျက်၊ သုံးချက် ကာယကံ။
* မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်းဝစီကံ။
* သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အပါယ်ငြိ၊ တြိမနောကံ။

ဟူ၍ စပ်ဆိုပေသည်၊

ဒုစရိုက် ၁၀-ပါး ပြီး၏။

---

## သုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတဝိရတိ=သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း။

၂။ အဒိန္နာဒါနဝိရတိ-သူ့ဥစ္စာကို ခိုးခြင်းမှ ကြဉ်ရှောင်ခြင်း၊

၃။ ကာမေသုမိစ္ဆာစာရဝိရတိ=ကာမဂုဏ်မှု၌ ဖောက် မှား သော အကျင့်မှ ကြဉ်ရှောင်ခြင်း။

၄။ မုသာဝါဒဝိရတိ-မဟုတ်မမှန်သောစကားပြောမှုမှ ကြဉ်ရှောင်ခြင်း။

၅။ ပိသုဏာဝါစာဝိရတိ-ကုန်းတိုက်စကား ပြောမှုမှ ကြဉ် ရှောင်ခြင်း။

၆။ ဖရုသဝါစာဝိရတိ-အကြမ်းအတမ်း ဆဲ ရေးမှုမှ ကြဉ် ရှောင်ခြင်း။

www.dhammaransi.com



၇။ **သမ္ဖပ္ပလာပဝိရတိ**=အကျိုး မရှိ ပြိန်ဖျင်း သော စကားကို ပြောဟောမှုမှ ကြဉ်ရှောင်ခြင်း။

၈။ **အနဘိဇ္ဈာ**=သူ့ပိုင်နက်ကို တောင့်တမှု မရှိခြင်း။

၉။ **အဗျာပါဒ**=သူ့အသက်ကို ပျက်စီးစေလိုမှု မရှိခြင်း။

၁၀။ **သမ္မာဒိဋ္ဌိ**=ကံ,ကံ၏အကျိုးကို ကောင်းစွာ မြင်ခြင်း။

သည်ကိုရည်၍—

* **ကာယဒုစ္စရိုက်သုံးပါး၊** ကြဉ်ရှောင်ငြား၊ **သုံးပါးကာယကံ**။

* **ဝစီဒုစ္စရိုက်လေးပါး၊** ကြဉ်ရှောင်ငြား၊ **လေးပါးဝစီကံ**။

* **သူ့ပိုင်နက်ကို၊ မက်မောမကျူး၊** ကြည်နူးမေတ္တာ၊ **ကံသာအရင်း** ဖူးဖြောင့်စင်း၊ **သုံးသင်းမနောကံ**။

ဟူ၍ စပ်ဆိုပေသည်။

**အတ္ထက္ခာယီမိဘ်,မိဘဝတ်တို့၌—**

၁။ မကောင်းမြစ်တား,

၂။ ကောင်းရာသွင်းထား,

ဝတ် ၂-ပါးရှိ၏။

**မကောင်း** ဆိုသည်ကား....ကမ္မကိလေသာ ၄-ပါး,အဂတိ ၄-ပါး, ယစ်မျိုးသောက်စားမှု, အလောင်းအစား ကစားကြူးမှု, ပွဲလမ်းသဘင် ကြူးမှု,ညဥ့်လမ်းလျှောက်မှု, မိတ်ဆိုး ၄-မျိုး တို့ နှင့် ပေါင်း ဖော်မှု, အသင်အကြား အလုပ်အကိုင် ပျင်းရိမှု ဤအလုံးစုံသည် မကောင်းရာ မည်၏။

၁။ ပါဏာတိပါတ,

၂။ အဒိန္နာဒါန,

၃။ ကာမေသုမိစ္ဆာစာရ,

၄။ မုသာဝါဒ,

၅။ ပိသုဏဝါစာ,

၆။ ဖရုသဝါစာ,

၇။ သမ္ဖပ္ပလာပ,

www.dhammaransi.com



၈။ အဘိဇ္ဈာ,
၉။ ဗျာပါဒ,
၁၀။ မိစ္ဆာဒိဋ္ဌိ။

* **သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက်ကာယကံ။**

* **မုသာ, မိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ ပြောဆိုခြင်း၊ လေးသင်းဝစီကံ။**

* **သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ဒသဝတ္ထု၊ ဒိဋ္ဌိစု၊ သုံးခု မနောကံ။**

ဟူ၍ လာသော ဒုစ္စရိုက် ၁၀-ပါး၊ အကုသိုလ် ကမ္မပထတရား ၁၀-ပါးသည်လည်း မကောင်းရာ မည်၏။

**အိမ်ရာဖျက်**—ဆိုသည်ကား....ကာမေသုမိစ္ဆာစာရအမှုတည်း။

**နောက်ကဗျာ၌ မိတ်ခွဲ**—ဆိုသည်ကား.... သူ ၂-ဦးတို့ကို အချစ်ပျက်အောင် ပြုခြင်းတည်း။

**ပြိန်ဖျင်းသောစကား**—ဆိုသည်ကား.... ရာမဇာတ်, ဒိဗ်နောင်ဇာတ်, ငွေတောင်ဇာတ်, ဘာရတဇာတ်, ယခုလောက၌ လုပ်ကြံသော ဇာတ်, ဝတ္ထု စာအုပ်စုတည်း။

**ကိုယ့်ဘက်ညွတ်စေ**— ဆိုသည်ကား.... ငါ၏ဥစ္စာ ဖြစ်ပါတော့.. ဟု တောင့်တခြင်းတည်း။

**အသေတောင့်တ**—ဆိုသည်ကား....သတ္တဝါ တပါးကို သေကြေပျက်စီးပါစေ—ဟု တောင့်တခြင်းတည်း။

ပေးလှူမှုသည် အကျိုးမရှိ, ပူဇော်မှုသည် အကျိုးမရှိ— စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုးရှိသော ဒိဋ္ဌိစုသည် မိစ္ဆာဒိဋ္ဌိမည်၏။

**ကောင်းရာ**—ဆိုသည်ကား....သမာန သုခ ဒုက္ခမိတ် အစ ရှိသော မိတ်ကောင်း, မိတ်စစ် ၄-မျိုးတို့နှင့်သာ ပေါင်းဖော်ခြင်း, အရပ်ဒိသာ ၆-မျက်နှာတို့၌ ပြဆိုခဲ့ပြီးသော ဝတ်နိဗဒ်တို့ကို ကြေလည်စွာ ပြုခြင်းများသည် ကောင်းရာဌာန မည်၏။

သုစရိုက် ၁၀ ပါး ပြီး၏။

---

(၅။ ကျော်ညွှန့်နှင့်အပေါင်းအသင်း)

www.dhammaransi.com



## ဩကာသ–ဆိုရပုံ

ဗုဒ္ဓဘာသာ လူမျိုးတို့၌မူကား ၅-နှစ်ရွယ်, ၆-နှစ်ရွယ်, ၇-နှစ်ရွယ်မှစ၍ သရဏဂုံ ၃-ပါး, ၅-ပါးသီလ, ၈-ပါးဥပုသ်, သုစရိုက် ၁၀-ပါး, ဗြဟ္မစိုရ်တရား ၄-ပါး, ပုညကြိယာ ဝတ္ထု ၁၀–ပါး, ပါရမီ ၁၀–ပါး များသည်လည်း ကောင်းရာ၌ သွန် မည်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျောင်းသား သူငယ်တို့အား အသက်ထက်ဆုံး စွဲမြဲကြရန် အချက်စုကို ဆိုပေအံ့။

ရတနာ ၃-ပါးတို့အား ရှိခိုးဝပ်ချသောအခါ၌ ပုဆစ်ဒူး ၂-ခု၊ လက် ၂-ခု၊ နဖူးပြင် ၁-ခုတို့ကို မြေ၌ထားလျက် ၃-ကြိမ် ရှိခိုးဝပ်ချရမည်။

ထိုနောက် ထိုင်၍ လက်အုပ်ချီမိုးလျက်....

ဩကာသ, ဩကာသ, ဩကာသ– ဘုရားရတနာ, တရားရတနာ, သံဃာရတနာ– တည်းဟူသော ရတနာမြတ်သုံးပါး အပေါင်းအား ကာယဝန္ဒနာ, ဝါစာဝန္ဒနာ, မနောဝန္ဒနာ– တည်းဟူသော သုံးပါးသော ရှိခိုးခြင်းတို့ဖြင့် အကျွန်ုပ် အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါရသော ဤကောင်းမှု, ဤကုသိုလ်စေတနာ၏ အာနုဘော်ကြောင့် ဒိဋ္ဌဓမ္မ ဤဘဝမှစ၍ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါးတို့မှ အစဉ်ကင်းလွတ်၍ ရာဂ, ဒေါသ, မောဟ, ဇာတိ အစရှိသော မီးတဆယ့်တပါးတို့၏ ကင်းငြိမ်းရာ ခေမာအမတံ ပြည်နိဗ္ဗာန်သို့ အမြန်ရောက်ရပါလို၏။

[ဩကာသ ကြေကြေမွမွ ရစေ]

ဩကာသ ဆိုပုံ ပြီး၏။

www.dhammaransi.com



## နမောတဿ ပါဠိ, အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
[သုံးခေါက်ဆို]

အရဟတော၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ညိုဖူးမြော်ရော်ပူဇော် အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေထသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော- နမာမိ၊ ရှိခိုးပါ၏။

[ဤ နမော တဿ-ကို မဟာနမက္ကာရကြီးဟူ၍ သဒ္ဒနီတိကျမ်း၌ ဆို၏၊ ဘုရားလက်ထက်တော်မှ အစဉ်အဆက် လာသော မဟာပဏာမကြီးပေတည်း။ ။ကြေးကြေးမြွမြွ ရစေ။]

နမော တဿ ပါဠိ, အနက် ပြီး၏။

---

## သရဏဂုံ ပါဠိ, အနက်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ။

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ—သရဏံဣတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ — ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် — အမြတ်ဆယ်ဖော် တရားတော်ကို။ သရဏံ—သရဏံဣတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ— ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၃။ သံဃံ၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန်, အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ်

www.dhammaransi.com

## သုကုမာရမဂ္ဂဒီပနီ

အ ပေါင်း ကို။ သရဏံ – သရဏံဂ္ဂတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ, တည်ရာ, ကိုးကွယ်ရာ – ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

[ကြေကြေမွမွ ရစေ။]

သရဏဂုံ ပါဠိ, အနက် ပြီး၏။

---

### ၅-ပါးသီလပါဠိ, အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ– သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဧးစွာရှောင်ခြင်းတည်း ဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ ဥစ္စာကိုယူခြင်းမှ–

၃။ ကာမေသု၊ ကာမမှုတို့၌။ မိစ္ဆာစာရာ၊ မှောက်မှောက် မှားမှား ပြုကျင့်ခြင်းမှ–

၄။ မုသာဝါဒါ၊ မဟုတ် မမှန်သည်ကို အမှန်အဟုတ် ပြုလုပ် ပြောဆိုခြင်းမှ–

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ သေစည်ငါးထွေ သေရက် ငါးပါး ယစ်မျိုးများနှင့် အစားအဒသောင်းမေ့လျော့ကြောင်း မှ။ဝေရမဏီ သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာရှောင် ခြင်းတည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ် မှုကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည်ပါ၏။

၅ ပါးသီလ ပါဠိ, အနက် ပြီး၏။

www.dhammaransi.com



## ၈-ပါးသီလ ပါဠိ,အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

### ၈-ပါးသီလ၌ ထူးသောအနက်

၃။ အဗြဟ္မစရိယာ၊ မေထုန်ကာမ ယုတ်ညံ့လှသော အကျင့်မှ—

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ-

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မ လာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကပွဲ, သီပွဲ, တီးမှုတ်ပွဲ, လက်ဝှေ့ပွဲ, လက်ပမ်းပွဲ,ဆင်တိုက်ပွဲ,မြင်းပြိုင်ပွဲ စသည်တို့ကို ကြည့်ရှုခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အလှဆေးခြယ်လယ်ခြင်း စသော အရာဌာနမျိုးမှ—

၈။ ဥစ္စာသယန မဟာသယနာ၊ တတောင့်ထွာ ပမာဏထက် မြင့်သော ပလ္လင်ညောင်စောင်း, အကောင်းအမြတ်ဖြစ်သော အခင်းနှီးမျိုးမှ။ ဝေရမဏီ သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာ ရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစုကို သုံးလိမ့်မှုကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်တည်ပါ၏။

၈-ပါးသီလ ပါဠိ,အနက် ပြီး၏။

www.dhammaransi.com



## သုစရိုက် ၁၀-ပါး

၁။ ကာယဒုစ္စရိုက် ၃-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ်ကာယကံ ၃-ပါးဖြင်၏။

၂။ ဝစီဒုစ္စရိုက် ၄-ပါးမှ ကြဉ်ရှောင်မှုသည် ကုသိုလ်ဝစီကံ ၄-ပါး ဖြင်၏။

၃။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ ဤ၃-ပါးသည် ကုသိုလ် မနောကံ ၃-ပါးမည်၏။

[သုစရိုက် ၁၀ ပါးတည်း၊ ကုသလကမ္မပထ တရား ၁၀ပါးလည်း ခေါ်၏။]

* **ကာ-ဒုသုံးပါး၊ ကြဉ်ရှောင်ခြား၊ သုံးပါးကာယကံ။**

* **နှုတ်-ဒု လေးပါး၊ ကြဉ်ရှောင်ခြား၊ လေးပါးဝစီကံ။**

* **အနဘိဇ္ဈာ၊အဗျာပါ နှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိမနောကံ။**

ဟူ၍ စပ်ဆိုခဲ့ပေသည်။

သူ့ပိုင်နက်ကို သူ့ပိုင်နက်အနေနှင့် ကြည်ဖြူနေမှုသည် အနဘိဇ္ဈာ မည်၏။ မေတ္တာတရားသည် အဗျာပါဒမည်၏၊ ပေးကမ်းလှူဒါန်းမှုသည် နောင်ဘဝ၌ အကျိုးရှိ၏-စသည်ဖြင့် အမှုဝတ္ထု ၁၀-မျိုးရှိသောဒိဋ္ဌိသည် သမ္မာဒိဋ္ဌိ မည်၏။

သုစရိုက် ၁၀ ပါး ပြီး၏။

---

## ပုညကြိယာဝတ္ထု ၁၀-ပါး

၁။ **ဒါနံ**=လှူဒါန်းပေးကမ်းခြင်းတပါး။

၂။ **သီလံ**=နိစ္စသီလ,ဥပေါသထသီလ ဟူသော သီလ တပါး။

၃။ **ဘာဝနာ**=သမထဘာဝနာ, ဝိပဿနာ ဘာဝနာ ဟူသော ဘာဝနာ တပါး။

၄။ **အပစာယနံ**=ရိုသေသမှုပြုခြင်းဟူသော အပစာယန တပါး။

၅။ **ဝေယျာဝစ္စံ**=ကောင်းသောအမှုတို့၌ ကြောင့်ကြစိုက်ထုတ်ခြင်း ဟူသော ဝေယျာဝစ္စ တပါး။

www.dhammaransi.com



၆။ **ပတ္တိဒါနံ**=မိမိပြုသော ကုသိုလ်အဖို့ကို သူတပါးတို့အား ဝေငှခြင်းဟူသော ပတ္တိဒါန တပါး။

၇။ **ပတ္တာနုမောဒနံ**=သူဝေငှသော ကုသိုလ်အဖို့ကို သာဓုခေါ်ခြင်းဟူသော ပတ္တာနုမောဒန ၁ပါး။

၈။ **ဓမ္မဿဝနံ**=သူ သင်ကြားပြောဟောသောတရားကိုကြည်ညိုစွာ နာယူခြင်းဟူသော ဓမ္မဿဝန တပါး။

၉။ **ဓမ္မဒေသနာ**=မိမိသိရှိသောတရားကို သူတပါးအား သင်ကြားပြောဟောခြင်းဟူသော ဓမ္မဒေသနာ တပါး။

၁၀။ ဒိဋ္ဌုဇုကမ္မံ=အမှုဝတ္ထု ၁၀ မျိုးရှိသော သမ္မာဒိဋ္ဌိဉာဏ်ကို ဖြောင့်မတ်အောင် ပြုခြင်းဟူသော ဒိဋ္ဌုဇုကမ္မ တပါး။

ပုညကြိယာဝတ္ထု ၁၀ ပါး ပြီး၏။

---

## ပါရမီ ၁၀ ပါး

၁။ **ဒါနံ**=ဒါနပါရမီ။

၂။ **သီလံ**=သီလပါရမီ။

၃။ **နေက္ခမ္မံ**=နေက္ခမ္မပါရမီ။

၄။ **ပညာ**=ပညာပါရမီ။

၅။ **ဝီရိယံ**=ဝီရိယပါရမီ။

၆။ **ခန္တီ**=ခန္တီပါရမီ။

၇။ **သစ္စံ**=သစ္စာပါရမီ။

၈။ **အဓိဋ္ဌာနံ**=အဓိဋ္ဌာန်ပါရမီ။

၉။ **မေတ္တာ**=မေတ္တာပါရမီ။

၁၀။ **ဥပေက္ခာ**=ဥပေက္ခာပါရမီ။

ပါရမီ ၁၀ ပါး ပြီး၏။

www.dhammaransi.com



## ဗြဟ္မဝိဟာရတရား ၄ ပါး

၁။ **မေတ္တာ**=မေတ္တာတရား။

၂။ **ကရုဏာ**=ကရုဏာတရား။

၃။ **မုဒိတာ**=မုဒိတာတရား။

၄။ **ဥပေက္ခာ**=ဥပေက္ခာတရား။

[ဗြဟ္မဝိဟာရတရား ၄ ပါး၊ ဗြဟ္မစိုရ်တရား ၄ ပါးလည်း ခေါ်၏။]

ဗြဟ္မဝိဟာရတရား ၄ ပါး ပြီး၏။

---

## ဗောဓိ ၃ ပါး

၁။ သာဝကဗောဓိ။

၂။ ပစ္စေကဗောဓိ။

၃။ သမ္မာသမ္ဗောဓိ။

[သရဏဂုံ ၃ ပါးမှစ၍ ဗောဓိ ၃ ပါးတိုင်အောင် ဤတရားတို့၌ သဒ္ဓါ, ပညာ ကောင်းစွာတည်အောင် ဆုံးမခြင်းသည်လည်း ကောင်းရာသွင်းလားမှု မည်၏။]

ဗောဓိ ၃—ပါး ပြီး၏။

---

## ဘုရားဂုဏ်တော် ၉ ပါး

ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ—သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၁။ **သော ဘဂဝါ**၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့၏ ကြည်ညိုကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူပေ၏။

www.dhammaransi.com



၂။ ဣတိပိ၊ ဤသို့လျှင် သစ္စာလေးပါး ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော် မူပေသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပေ၏။

၃။ ဣတိပိ၊ ဤသို့လျှင် စရဏ အပြား တဆယ့်ငါးတည့် သုံးပါး,ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော် မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပေ၏။

၄။ ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိပဲ မဇ္ဈိမပဋိပတ် ကောင်းမြတ် ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရိ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော် မူပေသောကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပေ၏။

၅။ ဣတိပိ၊ ဤသို့လျှင် ကာမ, ရူပ, အရူပ–ဟု လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော် မူပေသောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပေ၏။

၆။ ဣတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏမာန်, ဗလမာန်, ဣဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကား-ဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာ သံ ဆိပ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိ သောကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပေ၏။

၇။ ဣတိပိ၊ ဤသို့လျှင် လူ,နတ်,ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွားရှိပျောင်း ညွှတ်ညောင်းခယ ဆုံးမခံရ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသောကြောင့်လည်း။

(၆၊ ကျော်ညွှန့်နှင့်အပေါင်းအသင်း)

www.dhammaransi.com



သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူပေ၏။

၈။ ဣတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ့နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပေ၏။

၉။ ဣတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမှုကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပေ၏။

တံ၊ ထို အရဟံ-အစ, ဘဂဝါ-အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဘုရားဂုဏ်တော် ၉ ပါး ပြီး၏။

---

## တရားဂုဏ်တော် ၆ ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်မြတ်ကို။ သွာက္ခာတော၊ အစ, အလယ်, အဆုံး-သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပေ၏။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ အကာလိကော၊ ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူပေ၏။

www.dhammaransi.com



၄။ ဟေပယဘိကော၊ လာရောက် ရှမြင် ကျေးဇူးတင်မြဲ ဖြစ်၍ လာပါ, ရှုပါ, ကျင့်ကြံပါဟု မပါ,ပါအောင် ခေါ်ဆောင် သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

၅။ ဩပနေယျိကော၊ မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင်,လူ အပေါင်း သူတော်ကောင်းတို့ သည်။ ပစ္စတ္တံ၊ အသီးအသီးသော မိမိတို့ သန္တာန်၌။ ဝေဒိ- တဗ္ဗော၊ ချမ်းသာလေစွ, ကောင်းလေစွဟု ကာယ, စိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစား သိမြင်ရသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

တံ၊ ထို သွာက္ခာတ အစ, ဝေဒိတဗ္ဗော အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆ ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တရားဂုဏ်တော် ၆ ပါး ပြီး၏။

---

## သံဃာ့ဂုဏ်တော် ၉ ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ သေ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေ- ယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

www.dhammaransi.com



၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈ ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈ ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ, သိက္ခာ သုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈ ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် ၄-ပါးသော ယောကျ်ားမြတ်အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ-ယေဣမေအဋ္ဌပုရိသပုဂ္ဂလာ၊ အကြင် ၈-ပါးသော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

www.dhammaransi.com



၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော-သော သာဝက သံဃော၊ ဤ ၄-စုံ-၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တုအား ရည်၍ထား အပ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာ သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

၆။ ပါဟုနေယျော၊ လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူ ဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၇။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာ သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

၈။ အဉ္ဇလိကရဏီယော၊ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ လက်အုပ် ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် နှင့်လည်း ပြည့်စုံတော်မူပေ၏။

၉။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိမြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်တာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူပေ၏။

တံ၊ ထိုသုပ္ပဋိပန္န အစ,ပုညက္ခေတ္တ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန် ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပေသော သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤ ဘုရားဂုဏ် ၉-ပါး, တရားဂုဏ် ၆-ပါး, သံဃာ့ဂုဏ် ၉-ပါးကို အဓိပ္ပါယ်နှင့်တကွ ရေလည်စွာမသိသောသူသည် ဘုရား,တရား,သံဃာကို ဉာဏ်နှင့်ကြည်ညိုတတ်သောသူ မဟုတ်၊ ထိုသူ၌ တိဟိတ်ကုသိုလ်မဖြစ်၊ ဒွိဟိတ်ကုသိုလ်သာ ဖြစ်၏။ ထို့ကြောင့် ဗု ဒ္ဓ ဘာ သာ လူ မျိုး မှန် လျှင် ဤ ဂုဏ်တော် ၃-ပါးအနက်ကို နှုတ်တက်ကြေမွ တကယ်ရမှ သင့်မြတ် သတည်း။

www.dhammaransi.com



[ ဤ ဂုဏ်တော် ၃ ပါး ဘုရားရှိခိုးသည် သုတ္တန်ပိဋကတ်၌ မြတ်စွာဘုရား ကိုယ်တော်တိုင် အဖန်ဖန်ဟောတော်မူ၏၊ ရဟန္တာကြီးများလည်း အဖန်ဖန် ဟောတော်မူ၏၊ ဤ ဘုရားရှိခိုးကြီးထက် ကြီးမြတ်သော ဘုရားရှိခိုး မရှိပြီ၊ နမောတဿပါဌ်အနက် သရဏဂုံ ၃ ပါး ပါဌ်အနက် တို့ နှင့် ရှိခိုးပြီးနောက် ဤဂုဏ်တော် ၃ ပါးပါဌ်အနက်တို့နှင့် ရှိခိုးလေ။ ]

သံဃာ့ဂုဏ်တော် ၉-ပါး ပြီး၏။

---

## ယောကျ်ားကလေးများ ဆုတောင်း

ဣမိနာပုညေန၊ ယခု အကျွန်ုပ်ပြုရသော ဤကောင်းမှု, ဤကုသိုလ်ကြောင့်။ ဒိဋ္ဌမမ္မေ၊ ယခုဘဝ ပစ္စက္ခ၌။ ဒီဃာယုကော၊ အသက်ရှည်ခြင်းနှင့် ပြည့်စုံသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

အရောဂေါ၊ အနာခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

အဝေရော၊ ရန်သူခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

အနဝဇ္ဇော့သု၊ အပြစ်မရှိကုန်သော။ ဌာနေသု၊ လောက,ဓမ္မ နှစ်ဌာနတို့၌။ စိန္တာသိဒ္ဓေါ၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် အဆုံးရောက်အောင် ထမြောက် ပြီးစီးနိုင်သည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

သမ္ပရာယေ၊ နောင်တမလွန်ဘဝ၌။ ဥစ္စကုလေသု၊ မြင့်မြတ်သော လူမျိုး,မြင့်မြတ်သော နတ်မျိုးတို့၌။ တိဟေတုကော၊ တိဟိတ်ပဋိသန္ဓေ ဆက်တိုင်းနေ၍ ပညိန္ဒြေ အခြေကြီးမား ပညာအားနှင့် ပြည့်စုံသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

မဟဒ္ဓနော၊ ကြီးမြတ်သော ဥစ္စာဓနဂုဏ်နှင့်ပြည့်စုံသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

မဟိဒ္ဓိကော၊ ကြီးမြတ်သော တန်ခိုးတေဇာ အရှိန်အဝါနှင့်ပြည့်စုံသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

သဒ္ဓါသမ္ပန္နော၊ ထက်သန်သော သဒ္ဓါတရား နှင့် ပြည့်စုံသည်။ ဘဝေ ဘဝေ၊ ဖြစ်ရပါလို၏။

www.dhammaransi.com



သုက္ကဓမ္မော၊ မကောင်းမှုဒုစ္စရိုက်တို့မှ ရှက်တတ်ခြင်း,ကြောက်တတ်ခြင်း ဟူသော ဖြူစင်သောတရား ၂-ပါးနှင့် အခါခပ်သိမ်းပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဗဟုဿုတော၊ အတတ်ပညာ ဝိဇ္ဇာသိပ္ပ ဟူသမျှတို့၌ ကြားကာ, မြင်ကာ, ကြံစည်ကာနှင့် လိမ္မာတတ်မြောက် ပေါက်ရောက်နိုင်ငြား အလွန်များသော ဗဟုဿုတဂုဏ်နှင့်ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဒါနာဘိရတော၊ ပေးကမ်းလှူဒါန်းမှု၌ အလွန်မွေ့လျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သီလာဘိရတော၊သီတင်းသီလကျင့်သုံးမှု၌ အလွန်မွေ့လျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဘာဝနာဘိရတော၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှု၌ အလွန်မွေ့လျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အန္တိမဘဝေ၊ အဆုံးဘဝ၌။ ဂုဏပဏ္ဏပရိဝါရံ၊ ပဋိသမ္ဘိဒါ, အဘိညာဥ်, စျာန် ဂုဏ်ပေါင်းရံအပ်သော။ အရဟတ္တံ၊ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကို။ လဘာမိ၊ ရ-ရပါလို၏။

ယောက်ျားကလေးများ ဆုတောင်း ပြီး၏။

---

## မိန်းကလေးများ ဆုတောင်း

၁။ သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုညာ၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်....၊ သက်ဇိုဝိဲးကျွန်မ-ရှည်စေသော်။

၂။ ဘဝတဖန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလင်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊

www.dhammaransi.com



ရောင်ဝါထွန်းဝင်း၊ လင်းရာတမူ၊ လူကောင်း, နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ် မျိုးလယ်၊ တန်ခိုးကြွယ်သည်....၊ လနှယ်ကျွန်မ ထွန်းစေသော်။

၃။ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါ,သီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သတင်းကျော်လျက်၊ သူတော်တို့ဆုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်ငင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါးဗြဟ္မစိုရ်၊ ရွှန်းရွှန်းစိုသည်....၊ ကုသိုလ်ကိုယ်လုံး— ထုံစေသော်။

၄။ ပတ္တမြားပလ္လင်၊ ထုံ့ကော်ပင်ဝယ်၊ ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျှင်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်....၊ မဂ်,ဖိုလ်ကျွန်မ—ရောက်လိုသော်။

၅။ သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုးသို့၊ ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အကုန်ချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊ ရှိခိုးရသား၊ ကျွန်မကုသိုလ်၊ အဖို့ကိုလျှင်၊ မွေးမိခင်နှင့်၊ ဘခင်,ဆရာ၊ ညာတကာက၊ သတ္တဝါအများ၊ နတ်အများအား၊ ရငြားပါစေ၊ ကျွန်မဝေသည်...၊ ကောင်းထွေသာဓု—ခေါ်စေသော်။

[ဤတွင်ရွေ့ကား—''မကောင်းမြင်တား ကောင်းရာသွင်းထား''ဟူသော စကား၌ ဗုဒ္ဓဘာသာလူမျိုးမှန်ခဲ့လျှင် ငယ်ရွယ်စဉ်ကပင် ကြေကြေမွမွ ရထိုက်သိထိုက်လှသော ဌာနစုကို ပြဆိုခန်းပြီး၏။]

မိန်းကလေးများ ဆုတောင်း ပြီး၏။

www.dhammaransi.com



## သတိပြုရန် အချက်များ

ဆရာဝတ်၌ တပည့်တပန်းတို့အား အသက်ရှည်ကြောင်း, အနာ ကင်းကြောင်း, ဘေးရန် ကင်းကြောင်း အထူး ကောင်းလှသော လောကနည်းလမ်းနှင့် ဓမ္မနည်းလမ်းများကိုလည်း အသက်ထက်ဆုံး စွဲမြဲကြရန် သင်ကြားလိုက်နာရမည် ဟု ပါရှိ၏။ မြန်မာလူမျိုးတို့၌ ပရိတ်ကြီး သင်ရိုးရှိသည်လည်း ဤဝတ်အတွက်ပင်။

ယခုအခါသည် ရောဂါဥပဒ် များပြားလှသောအခါဖြစ်၍ ဤဝတ်ကို ဆရာဖြစ်သူတို့ အထူး အားထုတ်သင့်၏။ ။ပရိတ်ကြီး တစောင်လုံးဆိုလျှင် များလှ၍ မဆောင်နိုင်ရှိ၏၊ အထုံဖြစ်အောင် နေ့စဉ် စွဲမြဲ၍ ရွတ်နိုင်ပါလျှင် ရတနသုတ် တခုနှင့်လည်း ပြီးပါ၏၊ မေတ္တာသုတ် တခုနှင့်လည်း ပြီးပါ၏၊ ခန္ဓသုတ် တခုနှင့်လည်း ပြီးပါ၏၊ နေ့စဉ်အထုံပြု၍ စွဲမြဲမှုရှိမှ အန္တရာယ်တွေ့သောအခါ ရွတ်လျှင် တန်ခိုး ထင်ရှားနိုင်သည်။ ။အန္တရာယ်ကြီးလျှင် ကြီးလိုက် အထပ်များစွာ ရွတ်။ ။နှုတ်နှင့် ရွတ်မှုထက် စာကိုကြည့်၍ ဖတ်မှုသည် သာ၍ ကောင်း၏၊ မရသော သူတို့လည်း ဖတ်နိုင်ကြကုန်၏၊ ရသော သူတို့ လည်း အထူးပြီပြင်စွာ ဖတ်ဆိုနိုင်ကြကုန်၏။

ဝေသာလီပြည်၌ ကပ် ၃-ပါးသင့်ရာ ရတနသုတ်ကြီးကို ညဉ့် ၃-ယာမ်ပတ်လုံး ရှင်အာနန္ဒာ ရွတ်ပေ၍ ပျောက်ငြိမ်း၏၊ ကပ်ဥပဒ် ကင်းငြိမ်းဖို့အတွက် သက်သက် ဟောတော်မူရသော သုတ်ကြီးပေ တည်း၊ ထို့ကြောင့် မြို့ရွာ၌ ကပ်ဥပဒ်ဖြစ်ခဲ့သော် ဤသုတ်ကြီးကို ကမ္မဝါပြုလုပ်၍ လူရော, ရှင်ရော ဖတ်ရွတ်ရမည်။

မြို့ရွာအတွက် အများဖတ်ရွတ်ကြသောအခါ၌ တယောက်သော သူက စာကိုကိုင်၍ ဖတ်ရမည်၊ ၂၀ ကျော်, ၃၀ မျှသော သူတို့က တသံတည်းကျအောင် လိုက်ရမည်၊ တရွာလုံး, တရပ်လုံး နှံ့လေအောင် လမ်းလျှောက် မတ်တတ်သွား၍ ဖတ်ရွတ်ကြရမည်၊ ကပ်ဥပဒ် မငြိမ်း မခြင်း ညစဉ် ဖတ်၊ ကပ်ဥပဒ်ပျောက်ငြိမ်းမှ တန်၊ မိမိတို့ အိမ်မှာလည်း နေဝင်လျှင် အိမ်ရှိလူကုန် တအိမ်လုံး ဖတ်ရွတ်ကြလေ။

(၇။ ကျော်ညွှန့်နှင့်အဖေါင်းအသင်း)

www.dhammaransi.com



သုတ်ပါထေယျ၌ လာသော အာဋာနာဋိယ သုတ်တော်ကြီးသည်လည်း ဘီလူး, သံဘက်အန္တရာယ်ကင်းဖို့ ဟောထားသော သုတ်ကြီးပေတည်း၊ မဟာသမယသုတ်ကြီးသည်လည်း အန္တရာယ်ကင်း သက်သက်ပေတည်း။

သထုံပြည်၌ ဥပဒ်ဖြစ်ရာ ရဟန္တာ အရှင်သောဏမထေရ်, ဥတ္တရမထေရ်တို့ ဗြဟ္မဇာလသုတ်ကြီးကို ရွတ်၍ ပျောက်ငြိမ်းသည် - ဟု ကျမ်းဂန်၌ အထင်အရှား ရှိ၏။

ဥပ္ပါတသန္တိသည်လည်း ကပ်ဥပဒ် ငြိမ်းဖို့သက်သက် ဖြစ်၍ ဇင်းမယ်နိုင်ငံ၌ ကပ်ဥပဒ်ကြီး ဆိုက်ရောက်ရာ ဥပ္ပါတသန္တိကို တမြို့လုံး ရွတ်ဖတ်ကြ၍ ကပ်ဥပဒ် ကင်းငြိမ်း၏။

ပဋ္ဌာန်းပါဠိတော်များသည်လည်း ကပ်ဥပဒ်ကို ငြိမ်းစေတတ်၏၊ မြို့အတွက်, ရွာအတွက် ဖတ်ရွတ်ကြသောအခါ ရပ်စု, ကွက်စုပြု၍ မိန်းမ, ယောကျ်ားအသင်းဖွဲ့၍ ဖတ်၊ လူများလွန်းလျှင် အသံမကွဲမပြား ရှိတတ်၏၊ အသံကွဲပြားမှ သာ၍ကောင်းသည်၊ နှစ်ကျိပ်, နှစ်ကျိပ်ငါး, သုံးကျိပ်, သုံးကျိပ်ငါး အစုဖွဲ့စည်း၍ ဖတ်၊ အမြောက်သံ, သေနတ်သံ, စည်သံ, မောင်းသံ, အချက်ပေး၍ တမြို့လုံး, တရွာလုံး တပြိုင်တည်း ဖတ်၊ တော်ချိန်ကျလျှင်လည်း အချက်ပေး၍ တပြိုင်တည်း ရပ်၊ ကပ်ဥပဒ် မငြိမ်းခြင်း ညစဉ် ဖတ်၊ ကပ်ဥပဒ် ပျောက်ငြိမ်းမှ တန့်။

ဖတ်မည်ပြုသောအခါ တမြို့လုံး, တရွာလုံး လမ်းစဉ်တလျှောက် တံမြက်လှည်း၊ လမ်းဆုံ, လမ်းခွတို့၌ ရေပြည့်အိုး တည်၊ နေဝင်လျှင် တမြို့လုံးလင်းအောင် မီးထွန်း၊ ငါတို့ထုတ်ထားသော အန္တရာယ်ကင်း ပဋ္ဌာနနိယကမ္မဝါစာအုပ်မှာ ပြဆိုသော အစီအစဉ်အတိုင်း လုပ်။

ငါတို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ကပ်ဥပဒ်ကြီးများကို ပျောက်ငြိမ်းစေတတ်သောသုတ္တန်ကြီး, သုတ္တန်ငယ်, ဂါထာကြီး, ဂါထာငယ်များစွာ လာရှိ၏၊ အရကျက်၍လည်း မထားနိုင်ကြ၊ နှုတ်နှင့် ရွတ်ရိုး ရှိနေသည့်အတွက် အရမကျက်နိုင်သော သုတ္တန်ကြီး, ငယ်စုသည် ကပ်ဥပဒ်ရှိနေ

www.dhammaransi.com



သည့်အခါ အသုံးမပြုနိုင် ရှိနေကြ၏။ စာနှင့် ဖတ်မှုသည် ဘယ်ပါဠိတော်ကိုမဆို မိန်းမ, ယောကျ်ားအများ ဖတ်နိုင်၏။ နှုတ်နှင့် ရွတ်မှုထက်လည်း ပုဒ်အက္ခရာ ပြီပြင်စွာ ဆိုနိုင်သဖြင့် သာ၍ ကောင်းမြတ်၏။

ထိုကြောင့် ဗုဒ္ဓဘာသာနိုင်ငံ၌ အစောင့်အရှောက် ဖြစ်စေခြင်းငှါ ပြဆိုခဲ့ပြီးသော ပါဠိတော်ကြီးများကို ကျမ်းဂန်တို့မှ ထုတ်နုတ်၍ စာအုပ်ပြုလုပ်ကာ အိမ်တိုင်းမှာပင် အစဉ်ထာဝရ ရှိစေကြဖို့ ကောင်းလှ၏၊ ပညာရှိတို့ သတိပြုကြလေကုန်။

သတိပြုရန် အချက်များ ပြီး၏။

---

## နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက်

၁။ နမောတဿ—မဟာနမက္ကာရကြီးသည်လည်း ဘီလူး, သံဘက် အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၂။ သရဏဂုံ ၃-ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၃။ ဣတိပိသော—ဂုဏ်တော် ၉ ပါးသည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၄။ သမ္ဗုဒ္ဓေ—သည်လည်း အန္တရာယ်မှ ကင်းလွတ်စေတတ်၏။

၅။ သိရသိမေ ဗုဒ္ဓသေဋ္ဌော—ဟူသော ရတနာရွှေချိုင့်သည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏။

၆။ အောင်ခြင်း ၈—ပါးသည်လည်း အန္တရာယ်ကင်းဖို့ အထူးဖြစ်၏။

၇။ အာဝေဏိက ဂုဏ်တော် ၁၈-ပါးသည်လည်း အလွန် တန်ခိုးကြီးလှ၏။ ခါရဏ ပရိတ်လည်း ခေါ်၏။ ဘီလူး, သံဘက်များကို အလွန်နိုင်၏။

၈။ ဆဒိသာပါလ သုတ်သည်လည်း အန္တရာယ်ကင်း ရိုးရာကြီးပေတည်း။

www.dhammaransi.com



[ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကပ်,ဥပဒ်အန္တရာယ် လွတ်ကင်းရန် ပရိတ်တော်,ဂုဏ်တော် အလွန်ပေါများ၏၊ အိပ်ရာဝင်၌ အထပ်များစွာ နေ့စဉ် ရွတ်အံ စွဲမြဲ၍ထားကြပါမူ ကြာလေလေ တန်ခိုး ရှိ လေလေ ဖြစ်၏။]

နေ့စဉ်အန္တရာယ်ကင်းရှင်းရန် ညွှန်ကြားချက် ပြီး၏။

---

## ပရိတ်ရွတ်နည်း

ပရိတ်တော်, ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ် ရွတ်ဖတ်ကြသောအခါ သဒ္ဓါစိတ်နှင့် ဖြည်းညင်း သာယာ နာချင်ဖွယ် ရှိအောင် ရွတ်ဖတ်ရသည်၊ အန္တရာယ်ကင်းကိစ္စနှင့် ရွတ်ဖတ်ကြသော အခါ မာန်စိတ်နှင့် အသံထန်စွာ ရွတ်ဖတ်ရသည်၊ အန္တရာယ်ကြီးလျှင် ကြီးလိုက် အခေါက်များစွာ အာသံ, လျှာသံ အပြင်းအထန်ပေး၍ ရွတ်ဖတ်ရသည်။

ပရိတ်ရွတ်နည်း ပြီး၏။

---

## နိဂုံး

ဤတွင် ရွှေကား– အသက် ၂၀ အတွင်း၌ တည်ရှိကြကုန်သော ဗုဒ္ဓဘာသာ အမျိုးသား သူငယ်များတို့၏ အကျိုးငှာ ကောင်းစွာ စီရင်အပ်သော သုကုမာရမဂ္ဂဒီပနီကျမ်းသည် အပြီးသို့ ရောက်၏။ မြတ်စွာဘုရား၏ တပည့်သားပြုကြသူ ဗောဓိလျှာ, ဗောဓိလောင်း, သူငယ်ကောင်း, သူငယ်မြတ်တို့၏ တတ်သိလိမ္မာဖို့ လမ်းကြောင်းအစဉ်ကို ပြဆိုရာကျမ်းဖြစ်၍ သုကုမာရမဂ္ဂဒီပနီကျမ်း ခေါ်သည်။

[ဤကျမ်းကို တတ်မြောက်ပြီးသည့်နောက် သဒ္ဒါ, သင်္ဂြိုဟ်များကို အလွယ်တကူ တတ်လိုသူတို့သည် ငါတို့စီရင်သော သဒ္ဒသံခိပ်ကျမ်း,ပရမတ္ထသံခိပ်ကျမ်းများကို သင်ကြားကြလေကုန်။]

နိဂုံး ပြီး၏။

သုကုမာရမဂ္ဂ ဒီပနီကျမ်း ပြီး၏။

www.dhammaransi.com

# လယ်တီမင်္ဂလသုတ္တန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မင်္ဂလသုတ်ပါဠိတော်

### မင်္ဂလသုတ်နိဒါန်း

ဧဝံ မေ သုတံ–ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ–

ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမန္တိ။

မင်္ဂလသုတ်နိဒါန်း ပြီး၏။

---

### မင်္ဂလသုတ်ဂါထာ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

www.dhammaransi.com



၄။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမန္တိ။

မင်္ဂလသုတ်ဂါထာ ပြီး၏။

ဤတွင် မင်္ဂလသုတ်ပါဠိတော် ပြီး၏။

---

## မင်္ဂလသုတ် နိဿယ

### မင်္ဂလသုတ်နိဒါန်းအနက်

ဘန္တေ၊ ကဿပ—ဟု နာမ ထင်ရှား အရှင်ဘုရား။ မေ—မယာ၊ အာနန္ဒာ—ဟု သညာသမုတ် အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။ သုတံ၊ မြတ်စွာဘုရား မိန့်စကားကို နားဝယ်ဆတ်ဆတ် ကြားနာအပ်၏။ ။ ကိံ သုတံ၊ အဘယ်သို့ ကြားနာအပ်သနည်း ဟူမူကား....

ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဇေတဝနေ၊ ဇေတဝန် ဥယျာဉ်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ ကျောင်း

www.dhammaransi.com



အရပ်၌။ ဝိဟရတိ၊ ဣရိယာပုထ် အလိုက် မှီတင်း သီတင်းကြည်ဖြူ နေတော်မူ၏။

အထ ခေါ၊ ထိုအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အတိက္ကန္တာယ၊ ညဉ့်ဦး ယာမ်ကို လွန်ပြီးသော။ ရတ္တိယာ၊ ညဉ့်သန်းခေါင်အခါ၌။ အတိက္ကန္တဝဏ္ဏာ၊ အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ဥယျာဉ်တခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍—

ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လာ၏။ ဥပသင်္ကမိတွာ၊ ကပ်လာပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတိ၊ ဝပ်တွားရှိကျိုး ရှိခိုး၏။ အဘိဝါဒေတွာ၊ ဝပ်တွားရှိကျိုး ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်၏။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာ ဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာစကားဖြင့်။ အဇ္ဈဘာသိ၊ နားတော်လျှောက်ပေ၏။ ကိံ အဇ္ဈဘာသိ၊ အဘယ်သို့ နားတော်လျှောက်သနည်းဟူမူကား—

ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ မနုဿာ စ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ ကောင်း ကျိုး ချမ်း သာ မင်္ဂလာကို။ အာကင်္ခမာနာ၊ သိလို့, မြင်လို့, ပြည့်စုံလိုကြကုန်သည် ဖြစ်၍။ မင်္ဂလာနိ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို။ အစိန္တယုံ၊ ထွေထွေလာလာ ရှာကြံယူဆကြကုန်၏။ ဥတ္တမံ၊ အမှန်မုချ မြတ်ထွတ် လှသော။ မင်္ဂလံ၊ မင်္ဂလာစစ် တရားနှစ်ကို။ ဗြူဟိ၊ ဟောတော်မူပါ လော့။

ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ နားတော်လျှောက်လေ၏။

မင်္ဂလသုတ်နိဒါန်းအနက် ပြီး၏။

www.dhammaransi.com



## မင်္ဂလသုတ် ဂါထာအနက်

ကိံ၊ အဘယ်သို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောကြားတော်မူသနည်း ဟူမူကား—

၁။ (က) ဒေဝတေ၊ နတ်သား။ ဗာလာနံ၊ မကောင်းဒုစရိုက်သူအမိုက်တို့ကို။ အသေဝနာ စ၊ ဆရာအမှတ်, မိတ်အမှတ်ဖြင့် မဆည်းကပ် မပေါင်းဖော် ရခြင်းသည်လည်းကောင်း။

(ခ) ပဏ္ဍိတာနံ၊ ဒုစရိုက်အပေါင်း ကင်းလွတ်ရှောင်းလျက်ကျိုးကြောင်းမြင်သိ ပညာရှိတို့ကို။ သေဝနာ စ၊ ဆရာအမှတ် မိတ်အမှတ်ဖြင့် ဆည်းကပ် ပေါင်းဖော်ရခြင်းသည်လည်းကောင်း။

(ဂ) ပူဇနေယျာနံ၊ ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ ကျေးဇူးရှိနှင့် မိဘဆရာ ရတနာသုံးပါး တရားကျင့်သူ စင်ဖြူစရိုက်ပူဇော်ထိုက်သော သူတို့ကို။ ပူဇာ စ၊ ရိုသေသမှု အပြုအမူ ပျူငှာသေးလေး ကျွေးမွေးပေးကမ်း လှူဒါန်းပူဇော်ရခြင်းသည်လည်းကောင်း။

တံ၊ ဤတရား ၃ ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ - စသည်ဘို့ထက်ဆထက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာမည်၏။

၂။ (က) ဒေဝတေ၊ နတ် သား။ ပတိရူပဒေသဝါသော စ၊ သူတော်ကောင်းတရား ထွန်း ကား ရာမှန် လျော်ကန်လျောက်ပတ်သော အရပ်ဒေသ၌ နေရခြင်း သည်လည်းကောင်း။

(ခ) ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာ စ၊ ပြုခဲ့ဖူးသောကောင်းမှု ကုသိုလ် ရှိသည်၏ အဖြစ်သည်လည်းကောင်း။

www.dhammaransi.com



(ဂ) အတ္တသမ္မာပဏိဓိ စ၊ မိမိစိတ်ကို အလိုမလိုက် ဒုစရိုက်သို့ လိုက်ခွင့်မပေး ယဉ်ကျေးလိမ္မာ ကောင်းမြတ်ရာ၌သာ ကောင်းစွာခိုင်ကြည် အမြဲတည်စေရခြင်း သည်လည်း ကောင်း။

တေ၊ ဤတရား ၃-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက် လွန်ကျူး အထူး မြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၃။ (က) ဗဟုသစ္စဉ္စ၊ တရားကျမ်းဂန် သင်အံ ကြည့်မှတ် လွန်နှံ့စပ်သော အတတ်ကောင်း, ပညာကောင်းနှင့် ပြည့်စုံရခြင်းသည် လည်းကောင်း။

(ခ) သိပ္ပဉ္စ၊ အပြစ်မထင် စက်မှုလက်မှု စသော အတတ်ကို သင်ကြားရခြင်းသည် လည်းကောင်း။

(ဂ) သုသိက္ခိတော၊ ငယ်ရွယ်စဉ်က သွန်သင်ဆုံးမ အချိုးကျပြီးသော။ ဝိနယော စ၊ အမိဝတ် ငါးပါး, အဘဝတ်ငါးပါး အစရှိသော အမျိုးကောင်း သမီး, အမျိုးကောင်း သား ဝတ္တရားနှင့် ပြည့်စုံရခြင်းသည် လည်းကောင်း။

(ဃ) သုဘာသိတာ၊ အပြစ်စင်ကြယ် ချစ်ကြင်ဖွယ်နှင့် နာဖွယ်ကျိုးလို ကောင်းစွာ ဆိုအပ်သော။ ယာ ဝါစာ စ၊ အကြင် စကားကောင်းမျိုး သည်လည်း ကောင်း။

တေ၊ ဤတရား ၄-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက် လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၄။ (က) မာတာပိတု၊ အမိ, အဘကို။ ဥပဋ္ဌာနဉ္စ၊ ပင်စင် အငြိမ်းစား ကောင်းစွာထား၍

www.dhammaransi.com



ဆပ္ပွားကြည်ညို မေတ္တာပိုလျက် ကိုယ်တိုင် ကိုယ်ကြပ် ဝတ်နိဗဒ်ဖြင့် မလပ်မဟင်း လုပ်ကျွေးရခြင်းသည်လည်း ကောင်း။

(ခ) ပုတ္တဒါရဿ၊ သမီး နှင့် သား ကြင်မယားကို။ သင်္ဂဟော စ၊ သားသမီးဝတ်,မယားဝတ်ကို မချွတ်စေလို မေတ္တာပိုလျက် သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်း ကောင်း။

(ဂ) အနာကုလာ၊ အသောက်, အစား, အကစားနှင့် အကြွားအဝါ မလိမ္မာတွက် စီးပွားပျက်ရန် နှောင့်ရှက်မရှိ ချောမောဘိကုန်သော။ ကမ္မန္တာ စ၊ စီးပွားမှုတို့သည်လည်းကောင်း။

တံ၊ ဤတရား ၃-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ--ဤသည်တို့ထက် ဆထက်လွန်ကျူး အထူး မြင့်မြတ် သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၅။ (က) ဒေဝတော၊ နတ်သား။ ဒါနဉ္စ၊ သံသရာရေး, သဒ္ဓါရှေး၍ ပေးလှူစွန့်ကြဲမှုသည် လည်းကောင်း။

(ခ) ဓမ္မစရိယာ စ၊ သုစရိုက် တရား ကို အား ထုတ် ကျင့်ဆောင်မှုသည် လည်းကောင်း။

(ဂ) ဉာတကာနံ၊ ဘိုးကြီး, ဘွားကြီး, ဘကြီး, ဘထွေးအစရှိကုန်သော မိန္ဒယ်, ဘရိုး, ဆွေမျိုး အပေါင်းတို့အား။ သင်္ဂဟော စ၊ ဆွေဝတ်, မျိုးဝတ်,မယွင်းချွတ်အောင် ဖြူဆွတ်သဒ္ဓါ စေတနာဖြင့် ကောင်း စွာ သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်းကောင်း။

(ဃ) အနဝဇ္ဇာနိ၊ ဒုစ္စရိုက်ပြစ် အညစ်မထင် သန့်ရှင်းစင်ကုန်သော။ ကမ္မာနိ စ၊ ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့သည်လည်းကောင်း။

www.dhammaransi.com



တော်၊ ဤတရား ၄-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ–စသည်တို့ထက် ဆထက် လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၆။ (က) ဒေဝတော၊ နတ်သား။ ပါပါ၊ အမျက်ထန်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ကျေးဇူးမဲ့ခြင်း, သူတပါးကို မနာလိုခြင်း, ဝန်တိုခြင်း, ကောက်ကျစ်ခြင်း, စဉ်းလဲခြင်း အစရှိသော ယုတ်မာသောတရားအစုမှ။ အာရတိ စ၊ ကိုယ်, နှုတ်နှစ်ပြင် ဝေးစွာ ကြဉ်ရခြင်းသည် လည်းကောင်း။ ဝိရတိ စ၊ စိတ်မနောတွင် အထူး ကြဉ်ရခြင်းသည် လည်းကောင်း။

(ခ) မဇ္ဇပါနာ၊ ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ။ သံယမော စ၊ စောင့်ရှောက်ရခြင်းသည် လည်းကောင်း။

(ဂ) ဓမ္မေသု၊ ဒါန, သီလ, ဘာဝနာ-စသော ပုညကိရိယာ ၁၀-ပါး ကုသိုလ်တရားတို့၌။ အပ္ပမာဒေါ စ၊ ဘယ်ညဉ့်, နေ့မှ မေ့၍တစိ မပြုမိဟု မရှိရခြင်းသည် လည်းကောင်း။

တော်၊ ဤတရား ၃-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ– စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသော မင်္ဂလာမည်၏။

၇။ (က) ဒေဝမတာ၊ နတ်သား။ ဂါရဝေါ စ၊ ရိုသေထိုက်သော သူတို့၌ သူတပါးကို ရိုသေရခြင်းသည် လည်းကောင်း။

(ခ) နိဝါတော စ၊ နှိမ့်ချထိုက်သော သူတို့၌ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်းကောင်း။

(ဂ) သန္တုဋ္ဌိ စ၊ လောကသိုက်မြုံ ကာမဂုဏ်၌ အာရုံမကြီး တရားမှီး၍ သိမ်းဆည်းခြိုးခြံ ကံပေးသမျှ ရတတ်

www.dhammaransi.com



သရှေ့ သူတော်လေ့ဖြင့် ချမ်းမြေ့စံပယ် ရောင့်ရဲလွယ် ရခြင်းသည် လည်းကောင်း။

(ဃ) ကတညုတာ စ၊ ထမင်းတဆုပ် ရေတလုတ်မျှ မစ-ပေးဖူး သူ့ကျေးဇူးကို အထူးကြီးကျယ် မြင်းမိုရ်နှယ်သို့ မကွယ်မပ သိတတ်ရခြင်းသည် လည်းကောင်း။

(င) ကာလေန၊ မကြာမကြာ အခါခါ၌။ ဓမ္မဿဝနာ စ၊ ကုသိုလ်ပွားရာ အလိမ္မာပွားကြောင်း သူတော်ကောင်းအား ဆည်းကပ်ငြား၍ တရားဓမ္မ နာခံရခြင်းသည် လည်းကောင်း။

တော်၊ ဤတရား ၅-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ–စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

ဂ။ (က) ခန္တီ စ၊ နတ်သား။ ခန္တီ စ၊ ချမ်းသာတွေ့သော်လည်း မတက်ကြွ၊ ဒုက္ခတွေ့သော်လည်း စိတ်မပျက်၊ အမျက်မထန် သည်းညည်းခံရခြင်းသည် လည်းကောင်း။

(ခ) သောဝစဿတာ စ၊ ဆိုဆုံးမလျှင် ဒေါသ မထင် ကျေးဇူးတင်သဖြင့် ဆုံးမချင်ဖွယ် အလွန် လွယ်သော စကားရှိသည်၏ အဖြစ်သည် လည်းကောင်း။

(ဂ) သမဏာနံ၊ ရဟန်းအပေါင်း သူတော်ကောင်းတို့ကို။ ဒဿနဉ္စ၊ ကြည်ဖြူလေးမြတ် ဆည်းကပ်ဖူးမြင်ရခြင်းသည် လည်းကောင်း။

(ဃ) ကာလေန၊ မကြာမကြာ အခါခါ၌။ ဓမ္မသာကစ္ဆာ စ၊ လူ့ကောင်း, ရှင်ကောင်း, သူတော်ကောင်းနှင့် ပေါင်းဆုံငြား၍ တရားကျမ်းဂန် အတန်တန်ကို ညှိဏ်သွား

www.dhammaransi.com



သန့်ရှင်း လင်းထက် လင်းအောင် အချင်းချင်း နှီးနှော ပြောဆိုရခြင်းသည် လည်းကောင်း။

တော၊ ဤတရား ၄-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ စသည်တို့ထက် ဆထက်လွန်ကျူး အထူး မြင့်မြတ်သော။ မင်္ဂလံ၊ လောကီ၊ လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၉။ (က) ဒေဝတေ၊ နတ်သား။ တပေါ စ၊ ရှစ်ပါးဥပုသ် စောင့်ချုပ် ထိန်းသိမ်းခြင်း စသော ခြိုးခြံမှုသည် လည်းကောင်း။

(ခ) ဗြဟ္မစရိယဉ္စ၊ ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သော ရသေ့၊ ရဟန်း အကျင့်ကို ကျင့်ရခြင်းသည် လည်းကောင်း။

(ဂ) အရိယသစ္စာနံ၊ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂ–ဟူသည် ပြုစင်ဖြောင့်မတ် လွန်ထူးမြတ်သော လေးရပ်သစ္စာ နက်နဲစွာတို့ကို။ ဒဿနဉ္စ၊ ပြက်ပြက်ပြင်ပြင် ဉာဏ်၌ မြင်ရခြင်းသည်လည်းကောင်း။

(ဃ) နိဗ္ဗာန သစ္ဆိကိရိယာ စ၊ အဇ္ဈတ္တမှန် ကိုယ်သန္တာန်၌ အမိုက်ခပင်း ကုန်ငြိမ်းခြင်းကို လင်းလင်းထင်ထင် တွေ့မြင်သမှု မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။

တော၊ ဤတရား ၄-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ–စသည် တို့ထက် ဆထက်လွန်ကျူး အထူး မြင့်မြတ်သော။ မင်္ဂလံ၊ လောကီ၊ လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၁၀။ (က) ဒေဝတေ၊ နတ်သား။ လောကဓမ္မေဟိ၊ လောကဓံ တရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ ခိုက်တိုက်တွေ့ကြုံရသော။

www.dhammaransi.com



ယသာ၊ အကြင် တာဒိဂုဏ်နှင့် ပြည့်စုံ ပေလတ် ယောကျ်ားမြတ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်။

(ခ) အသောကံ၊ ဒုက္ခမျိုးကြောင့် စိုးရိမ် ပူပန်ခြင်းလည်း မရှိ။

(ဂ) ဝိရဇံ၊ သုခမျိုးကြောင့် ကြိုးကြိုးကြွကြွ စိတ်ရွှင်ပျသည့် ရာဂဟူသော မြူလည်းမရှိ။

(ဃ) ခေမံ၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးတို့မှလည်း ကင်းဝေး၏။

တသာ၊ ထို တာဒိဂုဏ်နှင့် ပြည့်စုံပေလတ် ယောကျ်ားမြတ်၏။ ဧတံ၊ ဤတရား ၄-ပါးသည်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

၁၁။ ဒေဝတေ၊ နတ်သား။ ဧတာဒိသာနိ၊ ဤသို့ သဘောရှိကုန်သော။ မင်္ဂလာနိ၊ လောကီ, လောကုတ္တရာ မင်္ဂလာတို့ကို။ ကတွာန၊ ပြည့်စုံစွာ ပြုကျင့်နိုင်ကြကုန်သည် ရှိသော်။ သဗ္ဗတ္ထ၊ နေလေရာရာ ခပ်သိမ်းသော အရပ်ဒေသတို့၌။ အပရာဇိတာ၊ လောကီ, လောကုတ္တရာ ချမ်းသာစီးပွားတို့မှ ဆုံးရှုံးခြင်း မရှိနိုင်ကုန်သည် ဖြစ်၍။ သဗ္ဗတ္ထ၊ နေလေရာရာ ခပ်သိမ်းသော အရပ်ဒေသတို့၌။ သောတ္ထိံ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ရကုန်၏။ တေသံ၊ ထိုမင်္ဂလာကို ထွေလာညဿုံ ကြံကြကုန် သူ နတ်, လူ အပေါင်း တို့ အား။ တံ၊ ထို ၃၈-ပါးသော တရား အပေါင်း သည် သာလျှင်။ ဥတ္တမံ၊ အများလောက သမုတ်ကြသော ဒိဋ္ဌမင်္ဂလာ, သုတ မင်္ဂလာ, မုတမင်္ဂလာ စသည်တို့ထက် ဆထက်လွန်ကျူး အထူး

www.dhammaransi.com



မြင့်မြတ်သော။ မင်္ဂလံ၊ လောကီ, လောကုတ္တရာ ချမ်းသာ ပွားကြောင်း ကောင်းသောမင်္ဂလာ မည်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောကြားတော်မူ၏။ ဣတိ၊ ဤသို့။ သုတံ၊ ကြားနာအပ်၏။

မင်္ဂလသုတ် ဂါထာအနက် ပြီး၏။

ဤတွင် မင်္ဂလသုတ်နိဿယ ပြီး၏။

---

## နိဂုံး

ဤတွင် ရွှေကား....အသက် ၂၀-အတွင်း၌ တည်ရှိကြကုန်သော ဗုဒ္ဓဘာသာအမျိုးသား သူငယ်များတို့၏ အကျိုးငှာ ကောင်းစွာ စီရင်အပ်သော လယ်တီမင်္ဂလသုတ္တန်ကျမ်းသည် အပြီးသို့ ရောက်၏။

နိဂုံး ပြီး ၏။

**လယ်တီမင်္ဂလသုတ္တန်ကျမ်း ပြီး၏။**

www.dhammaransi.com

## "ခုနစ်နေ့ ဘုရားရှိခိုး နှင့် ဆုတောင်း အမျှဝေ"

### ကြာသပတေးနေ့ ပဋိသန္ဓေယူ

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင် ကြေဝဋ္ဋာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြေ့၊ ကြာသပတေးနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ ။နတ်လူ ငြိမ်းဖို့ ကိန်းပါကို။

### သောကြာနေ့ ဖွားမြင်

၂။ သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာ သက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်။ ။နတ်လူအောင်မြို့ လမ်းပါကို။

### တနင်းလာနေ့ တောထွက်

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနှုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊တောရပ်လှုံသည်။ ။စုံမြိုင်ပင်ရိပ် ခန်းမှာကို။

### ဗုဒ္ဓဟူးနေ့ ဘုရားဖြစ်

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော် တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ငယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အလျှင်းပယ်ဖျောက်၊ အလင်း ပေါက်က၊ ထွန်း တောက် ဘုန်း တော်၊ သောင်းလုံး ကျော်သည်။ ။သုံးဖော် လူတို့ ငြိမ်းပါကို။

www.dhammaransi.com



## စနေနေ့ ဓမ္မစကြာဟော

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာဓွေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ ။တရားနတ်စည် ရှမ်းတယ်ကို။

## အင်္ဂါနေ့ ပရိနိဗ္ဗာန်စံ

၆။ တရားနတ်စည်၊ ဆော်ရှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူ ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကုတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ အက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာ္ဒရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်။ ။ဝှန်ဆူသောင်းလုံး ကျော်ဘယ်ကို။

## တနင်္ဂနွေနေ့ တေဇောဓာတ်လောင်

၇။ နိဗ္ဗူစံပြီ၊ ရှမအိသား၊ သိင်္ဂီရွှေလျှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေမနော၊ ဓာတ်တေဇောလျှင်၊ ရှင်စောညာဏ်စက်၊ မိဋ္ဌာန်ချက် ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူခဇော်သည်။ ။မွေခတော်ရှစ်စိတ် ကြွင်းတယ်ကို။

## ဆုတောင်း

၈။ ထို ခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ ဘိဓမ္မာနှင့်၊ ကြေငြာကျော်ကြား၊ လူအများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တတန်၊ ငြိမ်းရာမှန့်သည်။ ။နိဗ္ဗာန်အောင်မြို့ ရောက်စေသော်။

www.dhammaransi.com



သုံးလူ့ထွတ်ဘား၊ မြတ်ဘုရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုညကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်လီပုညာ၊ မြတ်ဓမ္မလည်း၊ နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်။ ။သက်ဇိဝ်းကြာမြင့်ရှည်စေသောဝ်။

ဘဝတဖန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း၊ လင်းရာတမူ၊ လူကောင်း နတ်ကောင်း၊ ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊ ဆွေလယ် မျိုးလယ်၊ တန်ခိုးကြွယ်သည်။ ။လူ့နှယ်ထွန်းတင့်ပါစေသောဝ်။

အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါသီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊ သ တင်း ကျော်လျက်၊ သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှားမလိုက်၊ စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဉပုသ်၊ မယုတ်ကြိုးစား၊ လေးပါး ဗြဟ္မစိုရ်၊ ရွှန်းရွှန်းစိုသည်။ ။ကုသိုလ် ကိုယ်လုံး ထုံစေသောဝ်။

ပတ္တမြား ပလ္လင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင် မာရ်စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျက်၊ ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေးရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်။ ။မဂ်ဖိုလ်နိဗ္ဗာန် ရောက်စေသောဝ်။

### အ မျှ ဝေ

၉။ သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ အရိယာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုး၍၊ ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အာရုံချီးကျူး၊ နှုတ်လျှာမြူး၍၊ ကြည်နူးဆွဆွ၊ ရှိခိုးရသည့်၊ ပုညကုသိုလ်၊ အဖိုးကိုလျှင်၊ မွေးမိခင်နှင့်၊ ဖခင် ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်တို့အားလည်း၊ ရငြားပါစေ၊ မျှဝေပေးဝေသည်။ ။ကောင်းထွေသာဓု ခေါ်စေသောဝ်။

www.dhammaransi.com